# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**နိဗ္ဗာန်တစ်ဖက်ကမ်းသို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ-၈၆)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၁၃၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး အချင်းချင်းအပြန်အလှန် ချစ်ခင်လေးစားယုံကြည်မှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့်သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၂ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား-**

ကျက်သရေ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ မင်္ဂလာအခါသမယတွင် မိဘပြည်သူ တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးချမ်းသာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းကို ပြန်ပြောင်းသုံးသပ်ကြည့်မည်ဆိုလျှင် တိုင်းရင်းသားသွေးချင်းများ၏ ချစ်ကြည်စုစည်းမှုကို တည်ဆောက်နိုင်သည့်ကာလများတွင် နိုင်ငံ့အင်အားတောင့်တင်းခိုင်မာ၍ စည်ပင်သာယာဝပြောခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တိုင်းရင်းသားသွေးချင်းများအကြားတွင် စည်းလုံးညီညွတ်မှုလျော့ပါးခဲ့သည့်ကာလများတွင်မူ နိုင်ငံ့အင်အားဆုတ်ယုတ်ခဲ့ပြီး နောက်ဆုံးတွင် သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသည့် ခါးသီးသော အတွေ့အကြုံကို ကြုံတွေ့ခဲ့ရပြီး ဖြစ်ပါသည်။

သူ့ကျွန်ဘဝ၌ နယ်ချဲ့အုပ်စိုးသူတို့က ၎င်းတို့၏ စိုးမိုးခြယ်လှယ်မှု အခွန့်ရှည်တည်တံ့စေရေးအတွက် တိုင်းရင်းသား သွေးချင်းတို့အကြားတွင် အမျိုးမျိုးသွေးခွဲသပ်လျှိုခဲ့ကြခြင်းကြောင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု ပိုမိုလျော့ပါးခဲ့ရပြီး ပြည်ထောင်စုစိတ်ဓာတ် ပြိုကွဲခဲ့ရသည်မှာလည်း သတိပြုဆင်ခြင်ဖွယ် သမိုင်းပေးသင်ခန်းစာတစ်ရပ်ပင် ဖြစ်ပါသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

❖ **အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စု စိတ်ဓာတ်သည် အရင်းခံဖြစ်သလို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် အနာဂတ်ပြည်ထောင်စုကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်မှာ မြေကြီးလက်ခတ်မလွဲ မှန်ကန်လှသည့် ထာဝရအမှန်တရားပင်ဖြစ်**

❖ **ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်နိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည်ဖြစ်သဖြင့် အရည်အချင်းပြည့်ဝ၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားရမည်**


**ယနေ့** *ဖတ် စ ရာ*

ဒေါ်နန်းခင်ထွေးမြင့်(ဘ)ဦးစောလှထွန်းအား ၎င်းကျခံရမည့်ပြစ်ဒဏ်များ၏ထက်ဝက်ကာလအား လွတ်ငြိမ်းသက်သာခွင့်ပြု


တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းဝင်များနှင့် ဆက်စပ်သူများ၏ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အမှုများကို ပိတ်သိမ်း — စာမျက်နှာ - ၄

အကြမ်းဖက်ရန်စွယ်ကို ပိုင်းဝန်းရှင်းစို့ — ဆောင်းပါး — စာ - ၆

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟူသည် — ဆောင်းပါး — စာ - ၁၀

အိန္ဒိယနိုင်ငံ၌ ကိုဗစ် - ၁၉ ကြောင့် ချမှတ်ထားသည့် ပြည်ဝင်ခွင့်တင်းကျပ်မှုများ ဖြေလျှော့ပေး — နိုင်ငံတကာသတင်း — စာ - ၁၂





ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး သာတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေရောင်ခြည်အားစွမ်းအင် — ဆောင်းပါး — စာ - ၁၆

**မြန်မာ့အလင်း**

# ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးအတွက် ထာဝရစည်းလုံးညီညွတ်မှု

တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တစ်သွေးတစ်သားတည်းဟူသော ပြည်ထောင်စုစိတ်ဓာတ်ဖြစ်တည်မှုကို နယ်ချဲ့ဝါဒီတို့အား လက်တွေ့ထုတ်ဖော်ပြသခဲ့သည့် ပြည်ထောင်စုနေ့သည် (၇၅) နှစ်မြောက် စိန်ရတုသို့ပင်ရောက်ရှိခဲ့ပြီ။ လွတ်လပ်ရေးအတွက် ကြိုးပမ်းပြင်ဆင်ခဲ့ကြရသည့် ၂၀ ရာစုခေတ်လယ်ကာလ မြန်မာ့အခြေအနေ၊ ကမ္ဘာ့အခြေအနေနှင့် မျက်မှောက်ခေတ် ၂၁ ရာစု၏ ဒုတိယဆယ်စုနှစ်လွန် မြန်မာ့အခြေအနေ၊ ကမ္ဘာ့အခြေအနေတို့မှာ ကွာခြားလျက်ရှိပြီဖြစ်သည်။ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံအဖို့ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့မှာမူ မည်သည့်ကာလ၊ မည်သည့်အခြေအနေတွင်မဆို မပြောင်းမလဲ ထာဝရတည်ရှိနေရမည်သာဖြစ်သည်။

ကမ္ဘာ့နိုင်ငံရေးကို လေ့လာပါက နိုင်ငံတိုင်းက မိမိတို့၏ အမျိုးသားအကျိုးစီးပွားကို ဦးတည်ကာ လှုပ်ရှားဆောင်ရွက်နေကြသည်ကို တွေ့ရမည်။ မိမိနိုင်ငံကို ကမ္ဘာတွင် နံပါတ်(၁)ဖြစ်ရေး၊ မိမိနိုင်ငံကြီးကျယ်ခမ်းနားလာရေး၊ နယ်ပယ်ကျယ်ပြန့်လာရေး၊ အကျိုးအမြတ်များ ပိုမိုရရှိရေး၊ အင်အားခိုင်မာတောင့်တင်းရေးတို့အတွက် "ထာဝရရန်သူ၊ ထာဝရမိတ်ဆွေဟူ၍ မရှိ၊ ထာဝရအကျိုးစီးပွားသာရှိသည်"ဟူသော မူဖြင့် လုပ်ဆောင်နေကြခြင်းဖြစ်သည်။ စစ်ရေး၊ စီးပွားရေး စသည့်အင်အားကြီးနိုင်ငံကြီးများ၏ အားပြိုင်မှုဝဲဂယက်တွင် နိုင်ငံငယ်လေးများမှာ တိမ်းစောင်းနစ်မြုပ်မသွားစေရန် ရုန်းကန်ရလေ့ရှိသည်။ ၂၁ ရာစုကမ္ဘာတွင် ပထဝီနိုင်ငံရေးအရ အရေးပါသော နေရာတစ်နေရာတွင် ရှိနေသည့် မြန်မာနိုင်ငံအဖို့ စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်ထားမှသာ အခွန့်ရှည်တည်တံ့နိုင်မည်ဖြစ်သည်။ အထူးသဖြင့် မည်သည့်အုပ်စု၏ နောက်ကိုမှ မလိုက်သည့် မြန်မာနိုင်ငံတွင် မိမိ၏ ကိုယ်ခံစွမ်းအားကို မိမိဘာသာပြည့်ဝအောင် တည်ဆောက်ကြရမှာဖြစ်သည်။

ယခုအခါ မိမိတို့နိုင်ငံသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုအင်ဆန္ဒဖြစ်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ပန်းတိုင်အဖြစ် ရည်မှန်း၍ တည်ဆောက်လျက်ရှိသည်။ ယင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက်လည်း နှစ်ပေါင်း ၇၀ ကျော်ကြာ အဖြေမထွက်သည့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကာ စားပွဲဝိုင်းတွင် တွေ့ဆုံဆွေးနွေးမှုများဖြင့် အဖြေရှာလျက်ရှိသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း စသည့် နိုင်ငံတကာသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြကာ ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်ဆိုင်း၍ စစ်ရေးပဋိပက္ခများ လျော့ကျသွားစေခဲ့သလို ငြိမ်းချမ်းရေးအတွက် လျှောက်လှမ်းကြရမည့် လမ်းကြောင်းသည်လည်း ပေါ်ထွန်းစေခဲ့သည်။

လာမည့် ၂၀၂၃ ခုနှစ်သည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် (၇၅)နှစ်မြောက် စိန်ရတုနှစ်ဖြစ်သည်။ ယင်းအချိန်ကာလအတွင်း မငြိမ်းချမ်းမှုများကြောင့် လွတ်လပ်ရေး၏ အရသာကို တင်းပြည့်ကျပ်ပြည့်မခံစားကြရသည့် နေရာဒေသများ၊ မဖွံ့ဖြိုးမတိုးတက်မှုကို မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ခံစားခဲ့ကြရသူများရှိနေခဲ့သည်။ နိုင်ငံတစ်ခုလုံးအနေဖြင့်လည်း ဒေသတွင်းနှင့် အိမ်နီးချင်းအဆင့်မှာပင် နောက်သို့ရောက်နေခဲ့ပြီ။ ကမ္ဘာနှင့်ယှဉ်လျှင်မူ ရာစုနှစ် တစ်ဝက်စာပင်မက ဖြစ်လိမ့်မည်။ ပြီးခဲ့သည့်နှစ်တစ်နှစ်က တိုင်းရင်းသားလူငယ်လေးများ သီဆိုခဲ့ကြသည့် သီချင်းတစ်ပုဒ်ကဲ့သို့ပင် "မငြိမ်းချမ်းလို့ မဖြစ်ဘူး"ဟူ၍ ထပ်ဆင့်ဆိုကြရမည်။

သံသယမြူခိုးတို့ ပိတ်ဆိုင်းနေ၍ ငြိမ်းချမ်းရေးလမ်းရှိပါလျက် မလျှောက်လှမ်းနိုင်ပါက ခရီးမတွင် ရှိနေမည်သာဖြစ်သည်။ ငြိမ်းချမ်းရေးဟူသည် တစ်ဦး၊ တစ်စု၊ တစ်ဖွဲ့၊ မျိုးနွယ်တစ်ခုတည်းနှင့်သာ ဆိုင်သည်မဟုတ်။ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးနှင့်ဆိုင်သည်။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် စည်းလုံးညီညွတ်ကြပြီ ဆိုလျှင် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၏ သာယာဝပြောမှု၊ ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ အလျင်အမြန်ဖြစ်ပေါ်လာမည် မလွဲကေန်ဟု ယုံကြည်မှုဖြင့် ကျစ်လျစ်ခိုင်မာစွာ စည်းလုံးနိုင်ကြပါစေကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) အမှုထမ်းများ အရည်အချင်းမြှင့် မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) အမှုထမ်းများ အရည်အချင်းမြှင့် မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးရုံး ရုံးအမှတ်(၄၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ပထမဆုရရှိသူ ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းဆုသာ၊ ဒုတိယဆုရရှိသူ ဒုတိယဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် တတိယဆုရရှိသူ အကြီးတန်းစာရေး ဦးအောင်ကျော်စိုးတို့ကို ဂုဏ်ပြုဆုများ တစ်ဦးချင်းချီးမြှင့်သည်။



အဆိုပါ သင်တန်းကို ဇန်နဝါရီ ၃၁ ရက်မှစတင်၍ ရက်သတ္တပတ် နှစ်ပတ်ကြာ လုပ်ငန်းခွင်မပျက် ပို့ချခဲ့ခြင်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၃၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပင်လုံမြေမှာ အခြေခံလာ ညီညာပေါင်းစု ဒို့ပြည်ထောင်စု

※ ပြည်ထောင်စုနေ့ ရောက်ပြီဟေ့ဆိုပြန်လျှင်
တိုင်းသူပြည်သား စိတ်ထားမြတ်ကြည်လင်
လူတိုင်းစိတ်တွင် ပျော်ရွှင်မဆုံး
စည်းလုံးညီညာ အောင်ကြောင်းဖြာ
စဉ်လာမပျက်သုဉ်းသည်နှင့်လေး။

※ ညီရင်းသွေးသောက် မဖောက်သစ္စာ
ဒို့လူမျိုးများ စိတ်ထားကြည်လင်စွာ
ပင်လုံမြေမှာ သစ္စာစကား
ဆိုထားခဲ့သည် ဒို့တူညီ
ပွားစည်းစဉ်လာ များသည်နှင့်လေး။

※ တောင်တန်းမြေပြန့် ဒို့ခြေဆန့်ပြီ
တိုင်းပြည်အဝှမ်း ရွှင်လန်းသာတကြည်
ဇလပ်ပွင့်ညီ မွှေးသည်မဆုံး
ပေါင်းရုံးညီညာ ကရင်ကယားသာ
ကချင်ရှော ရှမ်းပါ စည်းလုံးသည်နှင့်လေး။

※ စိန်ရတုရောက်လာ ခုချိန်ခါတွင်
ကြည်သာငြိမ်းချမ်း ရွှင်လန်းလူတိုင်းပင်
ရခိုင်မွန်ပင် မြန်မာလျှင်စည်းရုံး
သွေးမကွဲပါ ဒို့တစ်တွေဟာ
ညီညာပေါင်းစု ရုံးသည်နှင့်လေး။

※ ပင်လုံမြေမှာသန္ဓေတည် ခက်ဝေစည်သာ
ရှိတော့သည်။

※ အစဉ်ယုံစေတာ ဒို့ညီညာ စဉ်လာကောင်းသာ
ဖြစ်တော့သည်။

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်

**ဘိုမျိုး (ရွှေဘို)**

# အမြဲမပြတ် လေ့လာနေရန်လို

**တက္ကသိုလ်ပညာရေးသည် အလွတ်ကျက်သည့် ပညာရေးမဟုတ်ဘဲ လေ့လာခြင်း၊ တွေးခေါ်ခြင်းများဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာများ အပြန်အလှန်ဆွေးနွေးပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ တွေးခေါ်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း သင်ကြားမှုကဏ္ဍ တိုးတက်စေရန်အတွက် အမြဲမပြတ် လေ့လာနေရန် လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

❑ *ရွှေဖုံးမှ*

ဆုံးရှုံးခဲ့ရသည့် နိုင်ငံ့လွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် တိုင်းရင်းသားပြည်သူများသည် တပ်မတော်နှင့်လက်တွဲကာ အသက်သွေးချွေးပေါင်းများစွာပေးဆပ်၍ မလျှော့သော ဇွဲလုံ့လဖြင့် အခက်အခဲများစွာကို ရင်ဆိုင်ဖြတ်သန်းကြိုးပမ်းခဲ့ကြပါသည်။ ထိုသို့ ကြိုးပမ်းရာတွင် နိုင်ငံ့ခေါင်းဆောင်များ၏ ဖြောင့်မတ်တည်ကြည်သည့် ဦးဆောင်မှုဖြင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား စည်းလုံးညီညွတ်မှုကို ရယူကာ ပြည်ထောင်စုစိတ်ဓာတ်ကို အခိုင်အမာ ပြန်လည်တည်ဆောက်နိုင်ခဲ့ကြပါသည်။ ယင်းသို့သော ပြည်ထောင်စုစိတ်ဓာတ်အရင်းခံသည့် စည်းလုံးညီညွတ်မှု၏ အထိမ်းအမှတ်သက်သေအဖြစ် တောင်တန်းနှင့် မြေပြန့်တပေါင်းတစည်းတည်း လွတ်လပ်ရေးရယူကြရန် သန္နိဋ္ဌာန်ဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင်ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ ထိုကဲ့သို့ တိုင်းရင်းသားသွေးချင်းတို့၏ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေထူနိုင်ခဲ့သည့် ဖေဖော်ဝါရီလ (၁၂) ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင် သတ်မှတ် ဂုဏ်ပြုခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၇၅)နှစ် ပြည့်မြောက်ခဲ့ပြီး စိန်ရတုအခါသမယသို့တိုင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား-**

ပင်လုံစာချုပ်၏ အသီးအပွင့်ရလဒ်အဖြစ် တောင်တန်းနှင့် မြေပြန့်ဒေသများ ညီညွတ်ပေါင်းစည်းပြီး မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ ယင်းသို့ နိုင်ငံတော်တစ်ဝန်းလုံး စုစုစည်းစည်းဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူပေးနိုင်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားသွေးချင်းများအကြား ထာဝစဉ်ကိန်းအောင်းတည်တံ့စေရန် ဆက်လက်ထိန်းသိမ်းကာ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မမိုတ်မသုန် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပါသည်။

လွတ်လပ်ရေးရရှိပြီး မကြာမီမှာပင် အကြောင်းအမျိုးမျိုးကြောင့် စည်းလုံးညီညွတ်မှု ပျက်ပြားကာ စတင်ဖြစ်ပွားခဲ့ရသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို ယနေ့ကာလထိတိုင်အောင် အပြီးတိုင် မဖြေရှင်းနိုင်သေးခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်သေးခြင်းတို့ကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေရသည်ကို တိုင်းရင်းသား ညီနောင်များအားလုံး ကောင်းစွာသဘောပေါက် သိမြင်ကြပြီး ဖြစ်ပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးကို အပြည့်အဝ ဖော်ဆောင်နိုင်ခြင်း မရှိသေးသမျှကာလပတ်လုံး ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ပြည်ထောင်စုသားအချင်းချင်း ဝေမျှခံစားနိုင်ရန် အခွင့်အလမ်းများ နည်းပါးနေဆဲဖြစ်ပါသည်။

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ပကတိလိုအပ်ချက်သည် ဥပဒေနှင့်အညီ အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင်စားသောက်ပြီး စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနှင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူလူထု၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တိုင်းရင်းသား ညီနောင်များအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့

**◆ နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးသည် အလွန်အရေးကြီး**

**◆ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် စိတ်၊ တိုင်းပြည်နှင့် လူမျိုးကို ထိပါက မချိအောင်နာသည့် စိတ်ပင်ဖြစ်၊ မျိုးချစ်စိတ်ဓာတ် အားနည်းပါက တိုင်းပြည်နှင့် လူမျိုးအတွက် များစွာအန္တရာယ်ရှိနိုင်**

(၁၀)ဖွဲ့အထိ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ဘုံသဘောတူညီချက်များ ရယူနိုင်ခဲ့ပြီး ငြိမ်းချမ်းရေး ရှေ့လုပ်ငန်းစဉ်များကို သဘောတူညီခဲ့ကြပြီး ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို မိမိတို့တိုင်းရင်းသားအားလုံးကပင် မဖြစ်မနေ ဖော်ဆောင်ကြရမည်ဖြစ်ရာ သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြည်သူအားလုံးအနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး (NCA) ပါ သဘောတူညီချက်များအတိုင်း တတ်နိုင်သမျှ အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား-**

အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် အနာဂတ်ပြည်ထောင်စုကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်သည်မှာ မြေကြီးလက်ခတ်မလွဲ မှန်ကန်လှသည့် ထာဝရအမှန်တရားပင် ဖြစ်ပါသည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး အချင်းချင်း အပြန်အလှန် ချစ်ခင်လေးစားယုံကြည်မှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့် သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်နိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည်ဖြစ်သဖြင့် အရည်အချင်းပြည့်ဝ၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားရမည်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးသည် အလွန်အရေးကြီးပါသည်။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့်စိတ်၊ တိုင်းပြည်နှင့်လူမျိုးကို ထိပါက မချိအောင်နာသည့် စိတ်ပင်ဖြစ်ပါသည်။ မျိုးချစ်စိတ်ဓာတ်အားနည်းပါက တိုင်းပြည်နှင့် လူမျိုးအတွက် များစွာအန္တရာယ်ရှိနိုင်ပါသည်။

ထို့ကြောင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းရေးတို့သည် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အရေးကြီးသော တာဝန်ပင် ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူအားလုံးက မိမိတို့၏ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားကာ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရန် လိုအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား-**

ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပင် ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒို့တာဝန်အရေးသုံးပါးကို တပ်မတော်နှင့်အတူ ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် အလေးအနက်တိုက်တွန်းလိုပါသည်။

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရင်ဆိုင်ကြုံတွေ့နေရသော ကူးစက်မြန်ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ရောဂါကူးစက်ဖြစ်ပွားမှု သိသိသာသာ လျော့နည်းလာပြီး ဆက်လက်၍လည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကပ်ရောဂါကာလအတွင်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာမှု လျော့ပါးစေရေးနှင့်အတူ ကပ်ရောဂါဘေး အလွန်ကာလတွင်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းလိုပါသည်။

သို့ပါ၍ ၂၀၂၂ ခုနှစ်၊ ( ၇၅ )နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်( ၅ )ရပ်ဖြစ်သော-

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး၊

(၃) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရ တည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်း တည်ဆောက်ရေး၊

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေးတို့ကို

အလေးအနက်ခံယူပြီး တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ် အရင်းခံလျက် အကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် ဤနေ့ထူးနေ့မြတ်ဖြစ်သော စိန်ရတုပြည်ထောင်စုနေ့ အခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာ ပေးပို့အပ်ပါသည်။

## ဒေါ်နန်းခင်ထွေးမြင့် (၁၁) ဦးစောလှထွန်းအား ၎င်းကျခံရမည့် ပြစ်ဒဏ်များ၏ ထက်ဝက်ကာလအား လွတ်ငြိမ်းသက်သာခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၄ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် ဘားအံအကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည့် ဒေါ်နန်းခင်ထွေးမြင့်(၁၁)ဦးစောလှထွန်း အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ၎င်းကျခံရမည့် ပြစ်ဒဏ်များ၏ ထက်ဝက်ကာလအား လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၆ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နေချိန်တွင် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သည့် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အင်းစိန်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အောက်ပါသီရိလင်္ကာနိုင်ငံသား (၇)ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ၎င်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်-

(၁) ထောင်ဝင်နံပါတ် အစ/၂၂/၀၁၁၉၉/က၊ A.A Nepolian Ananda
(၂) ထောင်ဝင်နံပါတ် အစ/၂၂/၀၁၂၀၀/က၊ M.A.Sarath Kumarasiri
(၃) ထောင်ဝင်နံပါတ် အစ/၂၂/၀၁၂၀၁/က၊ R.P Lakmal Prasanna
(၄) ထောင်ဝင်နံပါတ် အစ/၂၂/၀၁၂၀၂/က၊ B.H Dinushan Chathuranga
(၅) ထောင်ဝင်နံပါတ် အစ/၂၂/၀၁၂၀၃/က ၊ W.Alexce Fernando
(၆) ထောင်ဝင်နံပါတ် အစ/၂၂/၀၁၂၀၄/က၊ W.Krishan Chathuranga
(၇) ထောင်ဝင်နံပါတ် အစ/၂၂/၀၁၂၀၅/က၊ W.Sampath Kumar

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ) ရဲမှူးကြီး အေးသိန်း၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ကျိုင်းတုံမြို့ရှိ တပ်ဖွဲ့အသီးသီးမှ ရဲတပ်ဖွဲ့ဝင် ၂၂ ဦးတို့ ဖေဖော်ဝါရီ ၁၁ ရက် နံနက်တွင် ကျိုင်းတုံမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။
သန်းလင်းဦး



## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၅ /၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အားဖြင့် တည်ဆဲဥပဒေများကို ကျူးလွန်ဖောက်ဖျက်၍ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားများအနက် ထိုက်သင့်သောပြစ်ဒဏ်များကို ကျခံပြီးဖြစ်သည့်ပြင် စည်းကမ်းကောင်းမွန်စွာနေထိုင်ကြသော အကျဉ်းသား (၈၁၄)ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက် ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ၎င်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဝင်များနှင့် ဆက်စပ်သူများ၏ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၇ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

### တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဝင်များနှင့်ဆက်စပ်သူများ၏ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အမှုများကို ပိတ်သိမ်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သည့် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ထာဝရငြိမ်းချမ်းရေးကို ရှေးရှု၍လည်းကောင်း နိုင်ငံတော်အတွင်း တရားရုံးအသီးသီးတွင် တရားစွဲဆိုထားဆဲဖြစ်သော AA အဖွဲ့ဝင်များနှင့်ဆက်စပ်သူ(၄၆) ဦး၏ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁** နေ၊ ဂြိုဟ်တုနှင့်TVRO (စလောင်း) တို့ တစ်တန်းတည်း ကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ်မတ်လ တွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Singal ပြတ်တောက်မှု ကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် ၅-၃-၂၀၂၂ ရက်နေ့မှ ၁၆-၃-၂၀၂၂ ရက် နေ့အထိ နေ့စဉ် ၁ မိနစ်မှ ၁၈ မိနစ်ခန့်အထိ Signal ပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာစက်ရုံဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

**(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေး သမဝါယမအသင်းနှင့် ရွှေကမ္ဘာ ငွေစု ငွေချေးသမဝါယမအသင်းတို့ ပူးပေါင်းဆောင်ရွက်သော သဘာဝမြေသြဇာစက်ရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာရှိ စမ်းဝတီသဘာဝမြေသြဇာစက်ရုံ၌ ကျင်းပသည်။**



အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုး၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများ၊ တောင်သူဦးကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။**(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေ တောင်သူများအနေဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် သဘာဝမြေသြဇာများကို အသုံးပြုပါက ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးနှင့် ကိုက်ညီစေမည့် သီးနှံများ ထုတ်လုပ်နိုင်စေရန်အတွက် လိုအပ်ချက်များကို သမဝါယမကဏ္ဍမှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းမှ နို့စားနွားမွေးမြူရေးလုပ်ငန်းအပြင် နို့နှင့် နို့ထွက် ပစ္စည်းများကို ထုတ်လုပ်ရောင်းချလျက်ရှိရာ မွေးမြူထားသည့် နွားများမှ ထွက်ရှိလာသော နွားချေးများကို သဘာဝမြေသြဇာ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးကို ရွှေကမ္ဘာ ငွေစုငွေချေး သမဝါယမအသင်းမှ ပံ့ပိုးပေးခဲ့ပြီး စက်ရုံပိုင်းနှင့် မြေသြဇာထုတ်လုပ်မှုအပိုင်းကို စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေး သမဝါယမအသင်းက ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်ရုံမှ ထုတ်လုပ်သည့် သဘာဝမြေသြဇာသည် မြေသြဇာကော်မတီမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိပြီး စိုက်ပျိုးရေးဦးစီးဌာနမှ မြေသြဇာမှတ်ပုံတင်ခွင့်ပြုမိန့်ရရှိပြီး ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် သဘာဝဓာတ်မြေသြဇာ သုံးစွဲပါက မြေသားဖွဲ့စည်းမှုကောင်းခြင်း၊ လေဝင်လေထွက်ကောင်းခြင်း၊ အစိုဓာတ်ကို ကြာရှည်ထိန်းထားနိုင်ခြင်း၊ ပုလဲ၊ တီစူပါနှင့် ပိုတက်ဓာတ်မြေသြဇာများတွင် ပါဝင်သည့် အဓိကအာဟာရဓာတ် (၃)မျိုးလုံးအပြင် အကျိုးပြုဇက်တီးရီးယားများနှင့် အခြားအာဟာရဓာတ်များလည်း ပါဝင်နေခြင်း၊ သီးနှံပင်သက်တမ်း တစ်လျှောက်လုံး အကျိုးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း။

ယခုထုတ်လုပ်သည့် သဘာဝမြေသြဇာကို စပါး တစ်ဧကလျှင် လေးအိတ်နှုန်း သုံးစွဲပါက လုံလောက်မည်ဖြစ်ပြီး ကီလိုဂရမ် ၅၀ တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀ နှုန်းသာ ကုန်ကျနိုင်မည်ဖြစ်ကြောင်း၊ သဘာဝမြေသြဇာတွင် ကုန်ကြမ်းပစ္စည်းများ ဖြစ်သည့် နွားချေး၊ ကြက်ချေး၊ လင်းနို့ချေး၊ အရိုးမှုန့်၊ ဂျစ်ပဆင်ကျောက်မှုန့်၊ တီကျစ်စာ၊ ဘိုင်အိုချား စသည် ကုန်ကြမ်းများကို နေပြည်တော်နှင့် အခြားသော တိုင်းဒေသကြီး/ပြည်နယ်များမှ ချိတ်ဆက်မှာယူပြီး ကုန်ကြမ်းပြတ်လပ်မှု မရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုစက်ရုံတွင် အဓိက ထုတ်လုပ်သည့် သဘာဝမြေသြဇာ အရည်အသွေးများ သတ်မှတ်စံနှုန်းများနှင့်အညီ ရေရှည်စဉ်ဆက်မပြတ် ထုတ်လုပ်ဆောင်ရွက်နိုင်ရေးနှင့် ထွက်ရှိလာသည့် သဘာဝဓာတ်မြေသြဇာများကိုလည်း သမဝါယမအသင်းအဆင့်ဆင့် ချိတ်ဆက်ပြီး တောင်သူများထံသို့ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ဈေးကွက်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စမ်းဝတီမွေးမြူရေးနှင့်သဘာဝမြေသြဇာထုတ်လုပ်ရေး သမဝါယမအသင်းဥက္ကဋ္ဌတို့က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သဘာဝမြေသြဇာထုတ်လုပ်သည့် စက်ရုံလုပ်ငန်းခွင်၊ စပါးစမ်းသပ်စိုက်ခင်းနှင့် နွားမွေးမြူရေးခြံများသို့ လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများကို တာဝန်ခွဲဝေအပ်နှင်းခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီးများအား တာဝန်ခွဲဝေအပ်နှင်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး/ ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စနစ်တကျဖြေရှင်း**

ပထမဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့တာဝန်ခွဲဝေအပ်နှင်းခြင်းဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်လာနိုင်ပြီး တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသား လူမျိုးများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများကိုလည်း စနစ်တကျဖြေရှင်း ဆောင်ရွက် လာနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများနှင့်အတူ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကျင်းပ ပြီးမြောက်သည်အထိ အတူတကွ ပူးပေါင်းဆောင်ရွက်ခွင့်ရသည့်အတွက်လည်း များစွာ ဂုဏ်ယူမိပါကြောင်း၊ တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်ပြီး ပိုမိုကောင်းမွန်သည့် အနာဂတ်ရရှိရေး၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ မိမိတို့၏ တိုင်းပြည်နှင့် တိုင်းရင်းသားလူမျိုးများအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက် ပေးကြစေလိုပါကြောင်း ပြောကြားသည်။




ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တိုင်းဒေသကြီး/ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများ အနေဖြင့် တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အငြင်းပွားမှုများ ပေါ်ပေါက်လာပါက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းပေးကြစေလိုပါကြောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးများကို တာဝန်ခွဲဝေအပ်နှင်းခြင်းဖြင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုခိုင်မာလာမည်ဖြစ်ပြီး ငြိမ်းချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**တာဝန်ခွဲဝေအပ်နှင်းပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကချင်ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးကျော်မင်းခိုင်၊ ကယားပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးတင်လှ၊ ကရင်ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစန်းကို၊ ချင်းပြည်နယ် တိုင်းရင်းသား ရေးရာဝန်ကြီး ဦးစိန်ထွန်းလှ၊ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသား ရေးရာဝန်ကြီး ဦးစောမာတင် လူသာ၊ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းအောင်၊ မကွေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်၊ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနွမ်၊ မွန်ပြည်နယ် တိုင်းရင်းသား ရေးရာဝန်ကြီး ဦးခင်မောင်ဦး၊ ရခိုင်ပြည်နယ် တိုင်းရင်းသား ရေးရာဝန်ကြီး ဦးတင်လှ၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသား ရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ရှမ်းပြည်နယ် တိုင်းရင်းသား ရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသား ရေးရာဝန်ကြီး ဦးစောလင်းခယ်တို့ကို တစ်ဦးချင်းစီ တာဝန်ခွဲဝေ အပ်နှင်းလွှာများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီးများကိုယ်စား ကချင်ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးကျော်မင်းခိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

**သတင်းစဉ်**

**✳ ညီညွတ်ခြင်းသည် အင်အား တိုင်းရင်းသားများ လက်တွဲထား ပြည်ထောင်စု၏ ပြည့်ခွန်အား**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

# အကြမ်းဖက်ရန်စွယ်ကို ဝိုင်းဝန်းရှင်းစို့

ဗညားကျန်းထော

အသိပညာဗဟုသုတ အလိမ္မာထဲမှာ -

၁။ Creativity ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်း

၂။ Courage သတ္တိ

၃။ Righteousness နည်းလမ်းတကျ၊ တရားသဖြင့်၊ လုပ်တတ်ခြင်း၊ **“ အမှန်တရား မြတ်နိုးတတ်ခြင်း”** ဟူသော အချက်(၃)ချက် ပါဝင်သည်ဟု အိန္ဒိယသမ္မတအဗ္ဗဒူလ်ကာလမ်က ဆိုခဲ့ဖူး၏။ ဗဟုသုတရှိမှ ဘဝမှာ အတိတ်ထက် ပိုမိုသစ်လွင်ကောင်းမွန်သော အနာဂတ်ကို ဖန်တီးနိုင်မှာဖြစ်၏။ အသိပညာသည် စာသိသက်သက် သုတမျှဖြင့် အသုံးမကျသေး။ လက်တွေ့အသုံးချကြည့်၍ ကောင်းကျိုးရမှ သဘာဝကျ၏။ စမ်းမှားနည်းအားဖြင့် မှားလိုက် မှန်လိုက်၊ လွဲလိုက်တည့်လိုက် အတွေ့အကြုံကို ကိုယ်တိုင်ဖြတ်သန်းရခြင်းကို သုတ မခေါ်၊ ကိုယ်တွေ့ မုတ ဟုခေါ်ပေသည်။ မုတ ထဲက သင်ခန်းစာယူရ၏။

အချို့က သုတသက်သက်ဖြင့် စိတ်ထင်ရာလုပ်၏။ သူ၏ လမ်းကြောင်းရွေးချယ်မှုသည် သွေစောင်းနေတတ်သည်။

အချို့က ဘာသုတမှမရှိ။ Principle အခြေခံသဘောတရားကိုလည်း မသိ။ Theory သဘော နိယာမ များကိုလည်း ဘာမှလေ့လာသိရှိခြင်း မပြုခဲ့။ စိတ်ထဲပေါ်ရာ ဆုံးဖြတ်ပြီး လုပ်ချင်ရာလုပ်တာပဲဖြစ်၏။ အတော်ရိုင်းစိုင်း၏။

သုတမပါဘဲ လုပ်သူ၊ သုတမရှိဘဲလုပ်သူ၊ လူအ,လူနုံတွေက တော်ရုံတန်ရုံ လွဲချော်တာလောက်တော့ ဆွဲခေါ်လို့ရပါသေး၏။ လူသတ်၊ မီးရှို့၊ ဗုံးခွဲ၊ ပညာရေးကို ဖျက်ဆီး၊ ကျန်းမာရေး ကာကွယ်ကုသမှုများတားဆီး၊ ဤကဲ့သို့ တစ်လောကလုံးကို ရန်လုပ်ချေမှုန်းသည်အထိ ရမ်းကား အကြမ်းဖက်လုပ်ဆောင်နေခြင်းကတော့ ဥပဒေအရ ဆုံးမရုံမှအပ အခြားနည်းမရှိတော့ပါချေ။

ခွင့်လွှတ်ထား၍ မရပြီ။ သည်းခံနေ၍လည်း မပြီးနိုင်။ ရှင်းလင်းပစ်ရုံသာ ရှိပေတော့သည်။

**“သစ္စာ ဓမ္မ၊ ဝီရိယနှင့်၊ စာဂဟူသည်**

**ရန်သူအောင်မှု၊ ကြောင်းလေးခု”** ဟု အင်းဝခေတ်စာဆိုအကျော် အရှင်မဟာသီလဝံသက ဒေသနာတရားတော်ကို ကိုးကားလျက် ကဗျာလင်္ကာဖွဲ့တော်မူခဲ့သည်။

သစ္စာမပါ၊ မုသားလိမ်ညာမှုများဖြင့် ထွေးလုံးရစ်ပတ်ရှုပ်ထွေးလှသော နိုင်ငံရေးသမားများ၊ ကောက်ကျစ်ညစ်ပတ်မှုများကို ထမင်းစား ရေသောက် လွယ်ကူစွာ ဖောက်ဖျက်ကျူးလွန်နေသော ဒုစရိုက်သမားများ၊ ယင်းတို့သည် ဆွေမျိုးသားချင်း၊ သွေးသားရင်းပင်ဖြစ်စေ၊ သံယောဇဉ်ဖြတ်ရပေတော့မည်။ လူလိမ်လူညစ်တွေနှင့် ဝေးမှ တော်မည်။

ဓမ္မဟူသော တရားမျှတခြင်းသဘောကို လက်ကိုင်ပြုရမည်ကို မသိဘဲ အာဏာအခွင့်အရေးကိုသာ လိုချင်တပ်မက်သည်။ အဓမ္မနည်းလမ်းမျိုးစုံကို ဘာမဆိုသုံးမည်။ နိုင်ရင်ပြီးရော၊ စားရရင်ပြီးစတမ်း၊ နည်းလမ်းတကျ၊ ဥပဒေနှင့်အညီ ဖြစ်ရမည်ကို မသိကျိုးကျွန်လျစ်လျူရှုသည်။ ဘယ်သူတွေ ဘယ်လိုပင် တားနေနေ ဇွတ်သမားက ဇွတ်တိုး၍သာ မွှေနှောက်ခဲ့ပေတော့သည်။

သူဆိုးသလို ကိုယ်က မဆိုးမိအောင် ထိန်းခဲ့၏။

သူမိုက်သလို ကိုယ်က မမိုက်မိစေရ။

သူတိုက်ပေမဲ့ ကိုယ်က ပြန်မတိုက်ပါ။

သစ္စာနှင့် ဓမ္မကို လက်မလွှတ်အောင် သတိထားထိန်းသိမ်းခဲ့ကြသည်။

တစ်နှစ်ကာလကြာသောအခါ မည်သူက ပြည်သူနှင့် နိုင်ငံကို ကောင်းအောင် စွမ်းဆောင်မည့်သူ၊ ဘယ်သူတွေကတော့ တိုင်းပြည်နစ်နာပျက်စီးစေအောင် ဖျက်ဆီးမီးရှို့နေသူဆိုတာ သဲသဲကွဲကွဲ မြင်ကြရပါပြီ။

လက်ရှိအခြေအနေတွင် တပ်မတော်အိမ်စောင့်အစိုးရသည် ဥပဒေနှင့်အညီ ဖွဲ့စည်းပုံအခြေခံအရ ယာယီတာဝန်ယူခြင်းမျှသာဖြစ်ပြီး ဒီမိုကရေစီစနစ်ကိုသာ ဆက်လက်ရှင်သန်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဤသို့ဖြင့် ပြည်သူအများက မိမိတို့ကျရာတာဝန်မှာ အကောင်းဆုံးကြိုးစားစွမ်းဆောင်ခြင်းဖြင့် ကူးစက်မြန် ကမ္ဘာ့ကပ်ရောဂါဆိုး ကိုဗစ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကြားမှ ရုန်းထကြရပါမည်။ သတိတမာန်၊ ဉာဏ်မြေကတုတ်။

မြေပြူရာကင်းမှောင့်သော ပြည်ပနယ်ချဲ့ လက်သစ်တို့၏ တိုင်းဆူပြည်ဖျက် စနစ်တံမီးရှို့ခြင်းအမျိုးမျိုးနှင့် အဘက်ဘက်က ပျက်စီးပြိုကွဲအောင် ဖျက်ဆီးဖြိုလှဲနေသော **“ဘက်စုံစစ်ပွဲအသွင်”** နည်းမျိုးစုံ ထိုးနှက်ခြင်းများကို လွတ်လပ်ရေးရစအချိန်မှစ၍ ယနေ့အထိ နိုင်ငံသူနိုင်ငံသားအားလုံးက နီးကြားတက်ကြွစွာ တွန်းလှန်ကာကွယ်ခဲ့ကြပြီးဖြစ်ပါသည်။ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး၊ စီးပွားရေး၊ မည်သည့်အကြောင်းမျိုးကိုပဲ အကြောင်းရှာ၍ သွေးခွဲခဲ့စေကာမူ ပြည်ထောင်စုမပြိုကွဲရေးကို ပြည်သူနှင့်တပ်မတော်သည် ညီညာစွာ လက်တွဲလျက် နှစ်ပေါင်း ၇၀ ကျော်မျှ အောင်မြင်စွာ ကာကွယ်ခဲ့ကြပြီးပါပြီ။

ရှေ့ဆက်ရမည့်ခရီးကား စည်းလုံးညီညွတ်စွာ ရေကိုသားသော် ခြားမထင်သကဲ့သို့ ပိုမိုခိုင်မြဲသော ပြည်ထောင်စုကို ထူထောင်တည်ဆောက်ခြင်းဖြင့် အေးချမ်းသာယာဝပြောသော အနာဂတ်ကို ရောက်ရမည်မှာ မလွဲပါ။

ရာဇဝင်တွင် စာတင်ရလောက်သည့် နိုင်ငံရေးညစ်ပတ်ကောက်ကျစ်မှုကို အထင်အရှား(အထောက်အထား သက်သေသာဓကများနှင့်တကွ လုံးဝဖုံးကွယ်ငြင်းဆန်၍ မရတော့အောင်) တွေ့မြင်ခဲ့ကြရပေပြီ။ နိုင်ငံနှင့် လူမျိုးပါ အရှက်ရစေမည့် ဤလိမ်ညာလှည့်စားမှု မဲမသမာခြင်းကို သက်ဆိုင်ရာနိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် ဂုဏ်သရေရှိ အမှန်တရားလိုလားသော သတင်းစာဆရာများ၊ အသင်းအဖွဲ့များက အကြိမ်ကြိမ် သတိပေးတားမြစ်နေခဲ့သည့်ကြားမှ ဥပဒေကို ချိုးဖောက်ကာ ဆက်၍ဆက်၍သာ ဇွတ်တိုးခဲ့ခြင်း မဟုတ်ပါလား။

အနုနည်းနှင့် လိမ်ညာမသမာမှု ဘွားဘွားကြီးပေါ်လာသောအခါ အရှက်အကြောက်မရှိစွာ ဥပဒေနှင့်မညီညွတ်သော သူပုန်အဖွဲ့ကို ဖွဲ့စည်းပြန်သည်။ မသိနားမလည်ဘဲ ခံစားချက်သက်သက်ဖြင့် ပေါက်ကွဲတတ်ကြသော လူငယ်အချို့ကို မှိုင်းတိုက်ကာ လက်နက်ကိုင် ပုန်ကန်ဆန့်ကျင်ခြင်းများကို စီမံဆောင်ရွက်ခဲ့ပြန်ပါ၏။ နိုင်ငံနှင့် ပြည်သူကို နှုရာဝဲစွဲ၊ လဲရာသူခိုးထောင်းအောင် မကောင်းသော အကြံအစည်ပင်။

**❖ မြေပြူရာကင်းမှောင့်သော ပြည်ပနယ်ချဲ့လက်သစ်တို့၏ တိုင်းဆူပြည်ဖျက် စနစ်တံမီးရှို့ခြင်းအမျိုးမျိုးနှင့် အဘက်ဘက်က ပျက်စီးပြိုကွဲအောင် ဖျက်ဆီးဖြိုလှဲနေသော “ဘက်စုံစစ်ပွဲအသွင်” နည်းမျိုးစုံ ထိုးနှက်ခြင်းများကို လွတ်လပ်ရေးရစအချိန်မှစ၍ ယနေ့အထိ နိုင်ငံသူနိုင်ငံသားအားလုံးက နိုးကြားတက်ကြွစွာ တွန်းလှန်ကာကွယ်ခဲ့ကြပြီး ဖြစ်ပါသည်။ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး၊ စီးပွားရေး၊ မည်သည့်အကြောင်းမျိုးကိုပဲ အကြောင်းရှာ၍ သွေးခွဲခဲ့စေကာမူ ပြည်ထောင်စုမပြိုကွဲရေးကို ပြည်သူနှင့်တပ်မတော်သည် ညီညာစွာလက်တွဲလျက် နှစ်ပေါင်း ၇၀ ကျော်မျှ အောင်မြင်စွာ ကာကွယ်ခဲ့ကြပြီး**

ကောင်းမွန်သောရလဒ်များသည် မှန်ကန်သော ဆုံးဖြတ်ချက်များကြောင့် ပေါ်ထွက်လာကြသည်။ မှန်ကန်သော ဆုံးဖြတ်ချက်ဟူသည် ခိုင်မာသောအချက်အလက်နှင့်ကိန်းဂဏန်းပေါ်အခြေပြုပြီး စဉ်းစားသုံးသပ်ကာ ရွေးချယ်ခဲ့ခြင်းမှ ရခဲ့သည်။ တိကျမှန်ကန်သော ကိန်းဂဏန်း Facts and Figures သည် အဖြေမှန်ရန် အခြေခံပင် မဟုတ်ပါလား။

Data never lies.

အချက်အလက်က ဘယ်တော့မှ မညာပါ။

ကမ္ဘာပေါ်မှာ အအောင်မြင်ကြွယ်ဝဆုံးလုပ်ငန်းရှင် အမေဇုန်ကုမ္ပဏီအုပ်စုတည်ထောင်သူ ဂျက်ဖ်ဘေးဇော့က ပြောလေ့ရှိပါသည်။ စားသုံးသူတွေက ဘာတွေကြိုက်ကြသလဲ၊ ဆောင်ရွက်ပေးသည်။ ဘာတွေ သဘောကျသလဲ၊ ဖြည့်ဆည်းပေးသည်။ ဘာကို မကြိုက်ကြဘူးလဲ။ ထိ အချက်ကိုရှောင်ကျဉ်သည်။ သိန်းသန်းချီသော ကိန်းဂဏန်းများကို AI ခေါ် Artificial Intelligence ဖန်တီးဉာဏ်ရည်အစွမ်းဖြင့် စိစစ်ပြီး ကောက်နုတ်ချက်ထုတ်ယူသည်။ စားသုံးသူတွေက အရည်အသွေးကောင်းကောင်း လိုချင်သည်။ ရအောင် စီစဉ်ပေးသည်။ မြန်မြန်လိုချင်သည်။ မြန်မြန်ရအောင် လုပ်ပေးသည်။ ဤသို့ဖြင့် ၂၁ ရာစု အနှစ် ၂၀ ကျော်လေးအတွင်းမှာပင် ဂျက်ဖ်ဘေးဇော့၊ အယ်လွန်မတ်စ်၊ ဘီလ်ဂိတ်၊ ဂျက်မား အစရှိသော သန်းကြွယ်သူဌေးများ တစ်ဟုန်ထိုး ချမ်းသာသွားနိုင်ကြကြောင်း (အိပ်မက်ပမာ၊ မျက်လှည့်ပမာ လျင်မြန်လှစွာ) တွေ့ကြရသည်။

မှန်ကန်သော ကိန်းဂဏန်းကို အခြေခံရစမြဲပါ။

မမှန်မကန် မရိုးမသား လိမ်ညာလှည့်စားမှုများဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို မဲအရေအတွက်ပေါင်း ၁၁ သန်းကျော် လွဲချော်မှားယွင်းအောင် ကြိုတင်ကြံစည်ပြင်ဆင်ကာ ပြုရက်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာ သေကျေပျက်စီးစေသော ကမ္ဘာ့နာကပ်ရောဂါဆိုး ကိုဗစ်ကူးစက်ရောဂါ ဖိစီးနေချိန်မှာ ပြည်သူများ စီးပွားဆုတ်ယုတ်၊ ကျန်းမာရေးထိပါး၊ စိတ်နှလုံးနွမ်းနယ်နေချိန်တွင် လက်နက်ကိုင် အကြမ်းဖက်နည်းဖြင့် သူပုန်ထပြီး အာဏာရယူရန် ပြည်ပအထောက်အပံ့အကူအညီဖြင့် ကြိုးစားနေပြန်သည်။ နေ့လယ်အိပ်မက် ဂယောက်ဂယက်ပါတကား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ယနေ့အခြေအနေကို သုံးသပ်အကဲဖြတ်လျှင် ပကတိ အရှိတရားကို နားလည်လက်ခံရပေမည်။

၁၉၄၇-၄၈ ကာလ။ နှစ်ဆယ်ရာစုအလယ်လောက်မှာ နယ်ချဲ့အုပ်ချုပ်ဖိနှိပ်ခြယ်လှယ်မှုအောက်မှ လွတ်မြောက်ခဲ့ကြသော အာရှနိုင်ငံများသည် ကလေးငယ်သဖွယ် ယိုင်တိယိုင်တိုင်ဖြင့် လွပ်လပ်စနိုင်ငံများ ခက်ခက်ခဲခဲ ရှင်သန်ရုန်းကန်ကြရသည်။ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ် စသည် ကိုယ့်နိုင်ငံအခြေအနေအရ ၂၀ ရာစုမှာ တိုင်းပြည်ကို အပြိုင်အဆိုင် ပြုစုပျိုးထောင်ကြသည်။ အနှစ်ချုပ် အဓိကအကျဆုံးအရာကို ကောက်ချက်ချရသော် စည်းလုံးသော တိုင်းပြည်များက တိုးတက်သည်။ မညီညွတ် မစည်းလုံးသော တိုင်းပြည်က တိုးတက်ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်သည်။

အထူးသဖြင့် လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများကြောင့် တရားဥပဒေစိုးမိုးမှုမရှိသော တိုင်းပြည်၏ အစိတ်အပိုင်းတို့သည် ခေတ်ပြိုင်နိုင်ငံတကာ အခြေအနေထက် နှစ်ပေါင်း ၅၀၊ ၆၀ ဖွံ့ဖြိုးမှု အားနည်းခဲ့ကြရပြီ။ ငြိမ်းချမ်းရေး၏ တန်ဖိုးကို သွေးများအသက်များအပြင် အသိအမြင်နည်းပါး အယူလွဲမှားမှုကြောင့် စစ်မက်များက တိုးတက်ဖွံ့ဖြိုးမှု မရရှိစေရအောင် ဖျက်ဆီးတားမြစ်ခဲ့ရာ ကျခဲ့ပြီ။ သင်ခန်းစာကား တန်ဖိုးကြီးမားစွ။ ဆက်မမှားသင့်တော့ပါ။

*စာမျက်နှာ ၇ သို့*

# မန္တလေးမြို့၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၁**

(၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ၇၁ လမ်း ၂၆ လမ်းနှင့် ၂၇ လမ်းအကြား မင်္ဂလာမုခ်ဦး၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဌာနဆိုင်ရာများ၊ ဘင်ခရာတပ်ဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး အောင်ဇော်ထွေးတို့က စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စာအုပ်အရောင်းပြခန်းများကို လိုက်လံကြည့်ရှု၍ စာအုပ်စာပေများ ဝယ်ယူအားပေးပြီး စာပေဈေးရောင်းပွဲတော်သို့ လာရောက်ဝယ်ယူအားပေးကြသည့် ကျောင်းသား ကျောင်းသူများကို ရင်းနှီးစွာ နှုတ်ဆက်အားပေးကြသည်။

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပြခန်း၊ ကျန်းမာရေးဦးစီးဌာနပြခန်း၊ တိုင်းရင်းဆေးပြခန်း၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်၊ ဥတ္တရလွင်ပြင်စာပေ၊ နဂါးစာပေ၊ ထွန်းဦးစာပေ၊ ခေတ်မှီစာပေ၊ စိတ်ကူးချိုချိုစာပေ၊ မောင်မောင်ပြေစာပေ၊ ညိုစာပေ၊ မိုးကောင်းကင်စာပေ၊ စံပယ်အောင်စာပေ၊ ဦးအောင်ထူးစာပေ၊ လေးသောင်းစာပေ၊ နန်းတော်ဝင် စာပေပြခန်းများအပါအဝင် ပြခန်းပေါင်း ၄၀ ဖြင့် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြသရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် စာအုပ်ဈေးရောင်းပွဲတော်အခမ်းအနား တက်ရောက်ဖွင့်လှစ်စဉ်။

# နေပြည်တော်နှင့် နိုင်ငံအဝန်း (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပမည့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မြန်မာနိုင်ငံအဝန်း၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်မှုများ အဖြစ် နေပြည်တော်ရှိ လူစည်ကားရာ လမ်းဆုံများတွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ပြည်ထောင်စုအလံတော် သယ်ဆောင်လာမည့် ရာဇသင်္ဂဟလမ်းတစ်လျှောက်တွင် မြန်မာနိုင်ငံတော်အလံနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ အထိမ်းအမှတ်ပါ အလံများ စိုက်ထူထားခြင်းနှင့် ယင်းလမ်းတစ်လျှောက်ရှိ အဝိုင်းများတွင် လျှပ်စစ်မီးရောင်များ ထွန်းညှိထားမှုများ၊ တိုင်းရင်းသားရုပ်ပုံကားချပ်များဖြင့် အလှဆင်ထားရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်မြို့တော်ခန်းမ၌ ဆိုင်းဘုတ်များ ဂုဏ်ပြုစိုက်ထူထားခြင်း၊ မဟာဗန္ဓုလပန်းခြံအတွင်း ရောင်စုံအလှမီးများ ထွန်းညှိပြင်ဆင်ထားခြင်း၊ ဒဂုံမြို့နယ်ရှိ ပြည်သူ့ဥယျာဉ်၌ ရောင်စုံအလှမီးများပြင်ဆင်၍ ဂုဏ်ပြုဆိုင်းဘုတ်စိုက်ထူထားခြင်း၊ ဦးဝိစာရအဝိုင်း၊ ဗဟန်းမြို့နယ် ဦးထောင်ဘိုအဝိုင်းနှင့် စမ်းချောင်းမြို့နယ် ဟံသာဝတီအဝိုင်းတို့၌ ရောင်စုံမီးအလှများ ဆင်ယင်ထားခြင်းနှင့် ဆိုင်းဘုတ်များ ဂုဏ်ပြုစိုက်ထူထားခြင်းများဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြသည်။

ထို့အတူ မန္တလေးမြို့ ကျုံးအတွင်း ရေပန်းများဖွင့်လှစ်ခြင်း၊ နန်းမြို့ရိုးတစ်လျှောက်ရှိ တံတိုင်းများ၊ ကျုံးပတ်လမ်းရှိ ရတနာပုံဥယျာဉ်လမ်း တစ်လျှောက်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးရုံးတို့၌ ရောင်စုံမီးများ ထွန်းညှိခြင်းများ ဆောင်ရွက်ထားကြောင်း သိရှိရသည်။

ထို့ပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း (၇၅)နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့ ကိုကြိုဆိုသည့်အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) (၁၀)နှစ်ပြည့် အထိမ်းအမှတ် စာတမ်းဖတ်ပွဲ ကျင်းပ

စစ်ကိုင်း ဖေဖော်ဝါရီ ၁၁

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) တက္ကသိုလ်တည်ထောင်သည့် (၁၀)နှစ်ပြည့် အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပသည်။** (အောက်ပုံ)




အဆိုပါ စာတမ်းဖတ်ပွဲသို့ စာတမ်းရှင် ၂၁ ဦးက ဒေသအကျိုးပြုစာတမ်း ခုနစ်စောင်၊ ဘာသာရပ် အကျိုးပြုစာတမ်း ၁၀ စောင်၊ တက္ကသိုလ်အကျိုးပြု စာတမ်းလေးစောင် တင်သွင်းဖတ်ကြားခဲ့ပြီး သဘာပတိများအဖြစ် တက္ကသိုလ်အသီးသီးမှ အငြိမ်းစား ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ အငြိမ်းစား ပါမောက္ခများက Video Conferencing ဖြင့်လည်းကောင်း၊ တက္ကသိုလ်ရှိ ဆရာ ဆရာမများက ဘွဲ့နှင်းသဘင်ခန်းမတွင် ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တက်ရောက်ကြသည်။

အဆိုပါစာတမ်းဖတ်ပွဲ အခမ်းအနားတွင်ပါမောက္ခချုပ် ဒေါက်တာ မို့မို့ရီက အမှာစကားပြောကြားရာတွင် စာတမ်းဖတ်ပွဲ၏ Theme ကို Toward Better Research For Socio-Economic Development ရည်မှန်းထားကြောင်း၊ သုတေသနသည် တက္ကသိုလ်၏ အသက်သွေးကြောဖြစ်ကြောင်း၊ ရလဒ်များသည် လုပ်ငန်းရှင်များ၊ သုတေသီများနှင့် သင်ကြားရေးအတွက် အထောက်အကူဖြစ်ကြောင်း၊ ယခုတင်သွင်းသည့် စာတမ်းများကို plagiarism စစ်ဆေးစိစစ်ထားကြောင်း၊ ယခု (၁၁)ကြိမ်မြောက် စာတမ်းဖတ်ပွဲအထိ စာတမ်း ၁၅၄ စောင် ဖတ်ကြားနိုင်ခဲ့ပြီး သုတေသနဂျာနယ် ၁၁ စောင် ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် သုတေသနများ ဆက်လက်လုပ်ဆောင်မှု အပေါ် အားပေးပြောကြားသည်။

ဆက်လက်ပြီး တက္ကသိုလ်တည်ထောင်သည့်နေ့ (၁၀)နှစ်ပြည့်မြောက်သည့် ဖေဖော်ဝါရီ ၁၁ ရက်တွင် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး အန္တရာယ်ကင်း ပရိတ်တရားများနာကြားခြင်း၊ ထူးချွန်ဝန်ထမ်းများ ဂုဏ်ပြုချီးမြှင့်ခြင်း၊ ဝန်ထမ်းများအား အမှတ်တရ လက်ဆွဲအိတ်များ ပေးအပ်ခြင်း၊ နယ်မြေနှင့် အကူအစောင့်ဝန်ထမ်းများအား ဆန်နှင့်ဆီ ထောက်ပံ့ပေးအပ်ခြင်းတို့ကို တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

၂၁ ရာစုကား အရှိန်အဟုန်ပြင်းစွာ ရွေ့လျားသော ခေတ်သစ်တစ်ခု ဖြစ်ပါသည်။ အားကြီးသူက အားနည်းသူကို ဗိုလ်ကျအနိုင်ကျင့်ဆဲဖြစ်သော်လည်း နည်းပညာများ၏ ကျယ်ပြန့်ထိုးဖောက်မှုက ကောင်းကျိုးကော ဆိုးကျိုးပါ ရိုက်ခတ်လာပါသည်။ အမှားကို မြင်ကြ၍ အမှန်ကို ပြင်နိုင်ကြလျှင် အကောင်းဘက်သို့ မျက်နှာမူလျက် အားသွန်ခွန်စိုက် အရှိန်အဟုန်မြှင့်လျက် ခရီးဆက်သွားနိုင်ရပါမည်။ အလုံးစုံပျက်သုဉ်းရေးဆိုက်ရောက်အောင်အထိ မည်သို့ပင် တိုက်ခိုက်ထိုးနှက်စေဦး၊ ကာကွယ်နိုင်ခဲ့၏။ ဘက်ပေါင်းစုံမှ ပြိုလဲအောင်ဖြိုခွဲခံရသော်လည်း မိမိတို့သည် မားမားမတ်မတ်ရပ်တည်ကာ ခုခံနိုင်ဆဲအခြေအနေပါပဲ။

ဖွံ့ဖြိုးမှု အနိမ့်ဆုံးစာရင်းဝင်နိုင်ငံအဖြစ်မှ **"ပြိုကွဲကျရှုံးသောနိုင်ငံဘဝသို့"** ထိုးဆင်းပျက်သုန်းသွားအောင် နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ သူလျှိုအဖျက်အမှောင့် (ရုပ်သေးကြိုးဆွဲ ခြယ်လှယ်လွှမ်းမိုးထိုးဖောက်) စသော စစ်မျက်နှာအမျိုးမျိုးမှာ နိုင်အောင် မချေမှုန်းပစ်နိုင်သော်လည်း မကျရှုံးရအောင် ရင်ဆိုင်ဖြေရှင်းနိုင်ပါသေး၏။ မိမိတို့မှာ စွမ်းအားရှိပါ၏။

ရုန်းထကြရမည်။ မှန်သည်။

စုစည်းအားဖြင့် အားထုတ်ကြရမည်။

ညီညွတ်ခြင်းဖြင့် အားဖြစ်စေရမည်။

**"သမဂ္ဂါနံ တပေါ သုခေါ"** ဟူသော စည်းလုံးညီညာ ပြည်ချမ်းသာသည့်သဘောကို မိမိတို့ ပြည်သူပြည်သားအားလုံး သိမြင်ပြီးသားဖြစ်ပေသည်။ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ စာနာခြင်း၊ နားလည်ခြင်းနှင့် မေတ္တာအရင်းခံ ခိုင်မာခြင်းစသည်တို့ကြောင့် ယနေ့အထိ မိမိတို့အင်အားသည် ကြံ့ခိုင်သန်မာနေဆဲဖြစ်၏။ စည်းလုံးဆဲပင်ဖြစ်၏။ ပို၍ကျစ်လျစ်စေရမည်။ စိန်ရတုပြည်ထောင်စုနေ့သည် မိမိတို့နိုင်ငံ၏ အောင်စည်အောင်မောင်းသံ ခြိမ့်ခြိမ့်ညံလျက် ရှေ့ဆက်အောင်ပွဲခံမည့် အတိတ်နိမိတ်များပေတည်း။

"အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ညီညွတ်စွာ အချင်းချင်း အပြန်အလှန် ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည် ဟူသော ခိုင်မာသည့် သံန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။"

ဤပြည်ထောင်စုစိတ်ဓာတ် ခိုင်မာနေသမျှကာလပတ်လုံး မိမိတို့သည် မည်သူ့ကိုမှ ရှုံးနိမ့်စရာမရှိ။ မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးသာယာတိုးတက်အောင် စုပေါင်းစွမ်းဆောင်နိုင်ကြမည်မှာ မလွဲပါ။

# ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်း၌ စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ထမနဲထိုးပြိုင်ပွဲနှင့် တိုင်းရင်းသားရိုးရာအစားအစာများ မိတ်ဆုံစားပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

**စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ထမနဲထိုးပြိုင်ပွဲနှင့် တိုင်းရင်းသားရိုးရာအစားအစာများ မိတ်ဆုံစားပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကျင်းပသည်။**



အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေး တက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပျဉ်းမနား စိုက်ပျိုးရေး သိပ္ပံကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် စိုက်ပျိုးရေးသိပ္ပံ ကျောင်းသား ကျောင်းသူများ၏ အသင်းလိုက် ထမနဲထိုးပြိုင်ပွဲ (ယှဉ်ပုံ)နှင့် တိုင်းရင်းသားရိုးရာ အစားအစာများ ချက်ပြုတ်ပြင်ဆင်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ထမနဲထိုးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုရအသင်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပြည်ထောင်စု တိုင်းရင်းသားများ၏ ရိုးရာအစားအစာများဖြစ်သော ထမနဲ၊ ရှမ်းခေါက်ဆွဲ၊ မွန်သင်္ကြန် ထမင်း၊ မွန်ရိုးရာ ပီလောပီနံ ဆန္ဒွင်းမကင်း၊ ရခိုင်မုန့်တီ၊ မြိတ်ကတ်ကြေးကိုက်၊ ထားဝယ်ငှက်ပျောသီးပေါင်း၊ ချင်းရိုးရာငှက်ပျော ကြက်သားသုပ်၊ ချင်းရိုးရာသဘော်သီးထောင်း၊ ချင်းရိုးရာခေါင်ရည် စသည့်အစားအသောက်များကို စိုက်ပျိုးရေးသိပ္ပံကျောင်းသား ကျောင်းသူများနှင့် အတူ လက်ရည်တစ်ပြင်တည်း တပျော်တပါး စားသုံးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များ အပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/ ၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဝန်ကြီးရုံးစုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ လက်နက်ကိုင်ပဋိပက္ခအတွင်းကလေးသူငယ်များ အပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ခြင်းအား လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ အပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီမှ ထုတ်ပြန်ကြေညာချက် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီထံမှ ယခုစီမံချက်ကို အတည်ပြုချက်ရရှိပါက လုပ်ငန်းစီမံချက်၏ လုပ်ငန်းအစီအစဉ်တွင် ပါရှိသောအချက်တို့ကို ထိရောက်စွာနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက သိရှိနိုင်ရေးအတွက် ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။



လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ်ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ ညှိနှိုင်းအစည်းအဝေး၌ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ အပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃)ကို ဆက်လက်အတည်ပြု အကောင်အထည်ဖော်ဆောင်ရွက်နိုင် ရန် ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေး သော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး ကော်မတီ၏ ထုတ်ပြန်ကြေညာချက် ထုတ်ပြန်သွားမည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ်ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/ ၂၀၂၂) အစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသင်းလိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပပြီးစီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်တို့ ကြီးမှူး ကျင်းပသည့် (၇၅) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသင်းလိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို




ဖေဖော်ဝါရီ ၁၁ ရက်က ရန်ကုန်မြို့ တော်ဂေါက်ကွင်း(ငွေသော်တာ)၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

တတိယနေ့ပွဲစဉ်များ အပြီးတွင် ဆုပေးပွဲအခမ်းအနား ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် တာဝန်ရှိသူများက ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်မြို့ တော်ဝန် ဦးဗိုလ်ဌေးက အမျိုးသား အသင်းလိုက်(အကျောပေး) ပြိုင်ပွဲတွင် စုစုပေါင်း အသားတင်ရိုက်ချက် ၆၄၂ ချက်ဖြင့် တတိယဆုရရှိသော ကချင်အသင်း၊ စုစုပေါင်း အသားတင်ရိုက်ချက် ၆၄၀ ချက်ဖြင့် ဒုတိယဆုရရှိသော ရှမ်း(က) အသင်း၊ စုစုပေါင်း အသားတင်ရိုက်ချက် ၆၂၀ ချက်ဖြင့် ပထမဆုရရှိသော ရှမ်း(ခ) အသင်းတို့ကို ဆုများပေးအပ်ချီးမြှင့်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က အမျိုးသား အသင်းလိုက် (အကျောမဲ့)ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၆၅၉ ချက်ဖြင့် တတိယဆုရရှိသော စစ်ကိုင်း(က) အသင်း၊ စုစုပေါင်းရိုက်ချက် ၆၅၀ချက်ဖြင့် ဒုတိယဆုရရှိသော နေပြည်တော် (က) အသင်း၊ စုစုပေါင်းရိုက်ချက် ၆၄၉ ချက်ဖြင့် ပထမဆုရရှိသော ကယား(က) အသင်းတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက အမျိုးသား အသင်းလိုက် အကျောမဲ့ တံခွန်စိုက်ဆုဖလားရရှိသည့် ကယား (က) အသင်းအား ဆုဖလား ပေးအပ်ချီးမြှင့်သည်။

ယခုပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ သင်းမှ ပြိုင်ပွဲဝင် အမျိုးသား ၁၀၈ ဦးနှင့် အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၁၂၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**

# ဂုဏ်ပြုယာဉ်များ တပေါင်းကွင်း၌ ခင်းကျင်းပြသထားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး / ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ ပါဝင်ပြသမည်ဖြစ်ပြီး အဆိုပါ ဂုဏ်ပြုယာဉ်များကို ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ရည်ရွယ်လျက် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း ခင်းကျင်းပြသထားမည်ဖြစ်ကြောင်းနှင့် တိုင်းရင်းသားရိုးရာ အစားအစာများ ပြုလုပ်ရောင်းချမည့် အစီအစဉ်လည်း ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

မိဘပြည်သူများအနေဖြင့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး / ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များကို လာရောက်လည်ပတ်လေ့လာကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**















# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**တောင်ငူမြို့ ဖေဖော်ဝါရီ ၁၁**



(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို တောင်ငူတက္ကသိုလ်၌ ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်(ကိုယ်စား) တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးတင်ဦး၊ လူမှုရေးရာ ဝန်ကြီး ဦးအောင်မင်း၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ပြည်တက္ကသိုလ်၊ ပဲခူးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)၊ နည်းပညာတက္ကသိုလ်(တောင်ငူ) နှင့် တောင်ငူပညာရေးဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် တောင်ငူတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကာ တောင်ငူတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၊ နည်းပညာတက္ကသိုလ် (တောင်ငူ)နှင့် တောင်ငူပညာရေးဒီဂရီကောလိပ်တို့အတွက် အားကစားပစ္စည်းများကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့၊ လွိုင်လင်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးကောင်းမြို့တွင် ၀ ဒသမ ၀၄ လက်မဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟူသည်

**မြင့်မောင်စိုး**

**"သစ်တောနှင့်သစ်ပင်ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး"**

**မိုးရာသီကာလ ဇွန်၊ ဇူလိုင်လများသို့ ရောက်ပြီဆိုလျှင် သတင်းစာများ၌တွေ့ရသော ဆောင်ပုဒ်တစ်ခုဖြစ်သည်။ မိုးရာသီကာလအတွင်း နိုင်ငံနှင့်အဝန်း သစ်ပင်စိုက်ပျိုးရေးနှိုးဆော်ချက်ဖြစ်သည်။ မိုးအခါသမယ စိုက်ရေးပျိုးရေး ဖြစ်ထွန်းသည့်အလျောက် သစ်တောသစ်ပင်ပြုစုပျိုးထောင်ရေး၊ သစ်တောသစ်ပင်များ တစ်အုပ်တစ်မ စိုက်ပျိုးရေးတို့အတွက် နှိုးဆော်တိုက်တွန်းနေရခြင်းဖြစ်ပါသည်။ ထိုသို့ တိုက်တွန်းသည့်အလျောက် သစ်ပင်စိုက်ပျိုးရေးပွဲတော်များ ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်းအတော်ပင် ကြာညောင်းခဲ့ပြီဖြစ်ပါသည်။**

### ပထမဆုံးအကြိမ် ဥယျာဉ်စိုက်မင်္ဂလာပွဲ

ကျွန်တော်မှတ်သားမိသလောက် ပြည်ထောင်စုမြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ဥယျာဉ်စိုက်မင်္ဂလာပွဲကို ၁၉၅၄ ခုနှစ် ဇွန် ၂ ရက်က ရန်ကုန်မြို့ကန်တော်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဥယျာဉ်၌ အိုးစည်ဗုံမောင်းသံ တညံညံဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း မှတ်သားဖူးပါသည်။ ထိုစဉ်က နိုင်ငံတော်သမ္မတကြီး ဒေါက်တာဦးဘဦးနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုတို့ ကိုယ်တိုင် သစ်ပင်များ တက်ရောက်စိုက်ပျိုးပေးခဲ့ကြောင်း၊ ထိုနှစ်တွင် နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးဌာနက ဦးဆောင်၍ ငွေကျပ် ၄၃ သိန်း အကုန်အကျခံကာ သစ်ပင်ပေါင်း သိန်းနှင့်ချီ၍ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ ထိုခေတ်ထိုအခါမှစ၍ တွက်ကြည့်လျှင် မြန်မာနိုင်ငံ၌ မိုးရာသီကာလရောက်တိုင်း ခေတ်အဆက်ဆက် စိုက်ပျိုးလာခဲ့သည်မှာ နှစ်ပေါင်းကြာညောင်းခဲ့လေပြီ။

မြန်မာနိုင်ငံ၌ ထိုနှစ်မှစ၍ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်ရခြင်းသည် အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးပွဲများမလုပ်ဘဲ ယခုအတိုင်းပင်ထားလျှင် အနှစ် ၃၀၀ ကြာသောအခါ သဲကန္တာရကြီးဖြစ်မည့်ဘေးကို ကြိုတင်ကာကွယ်ပေးနိုင်ရေးအတွက် စိုက်ပျိုးရခြင်းဖြစ်ကြောင်း၊ ပုဂံပြည်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၈၀၀ ခန့်က သစ်ပင်၊ သစ်တောများဖြင့် နေချင့်စဖွယ်ကောင်းသော ဒေသကြီးဖြစ်နိုင်ကြောင်း၊ အနော်ရထာမင်း၊ ကျန်စစ်သားမင်းအစရှိသော မင်းတို့သည် ရေ၊ မြေ တောတောင်တို့နှင့်ပြည့်စုံသော နေရာကိုသာ မင်းနေပြည်တော်အဖြစ် ရွေးချယ်ကြလိမ့်မည်ဖြစ်ကြောင်း၊ သို့သော်လည်း သစ်၊ ဝါးတို့ကို အလွန်အမင်း ခုတ်ယူမှုကြောင့် ပုဂံရာသီဥတုမှာ အလွန်ပူပြင်းခြောက်သွေ့ကာ မိုးခေါင်ဒေသဖြစ်ခဲ့ရကြောင်း ထိုစဉ်က ဝန်ကြီးချုပ်ဦးနုက မှတ်ချက်ပြု ပြောကြားလေသည်။

ယခုရက်ပိုင်းအတွင်း စာရေးသူအနေဖြင့် ညနေပိုင်းတွင် ရုံးမှနေအိမ်အဆောင်သို့ လမ်းလျှောက်ပြန်သွားလေ့ရှိပါသည်။ ညနေခင်း လမ်းလျှောက်ထွက်လာစဉ် အရှေ့ဘက် ရှမ်းရိုးမဘက်ဆီမှ ကွန်ကရစ်လမ်းမကြီးအတိုင်း တအိအိမောင်းလာနေသော ထင်းခုတ်လှည်းများကို မကြာခဏ တွေ့နေရသည်။ တလောကလည်း အမျိုးသမီးသုံးယောက် ထင်းစည်းကြီးများကို ခေါင်းပေါ်တွင် ရွက်လျက်ကားလမ်းဘေးအတိုင်း သူတို့ရွာကို ပြန်နေကြသည်ကို လှမ်းမြင်လိုက်ရသေးသည်။ ဟိုတစ်နေ့ကလည်း အနောက်ဘက်ရွာ မင်္ဂလာဆောင်အသွား လမ်းပေါ်တွင် ထင်းခုတ်လှည်းများ တွေ့ရပြန်ပြီ။ ထိုမြင်ကွင်း



ထင်းခုတ်ရာသီတွင် မကြာခဏတွေ့ရလေ့ရှိသော ထင်းလှည်းများကို ဤသို့တွေ့ရသည်။

များသည် သာမန်မျက်စိနှင့်ကြည့်လျှင် ဘာမျှထူးမည်မဟုတ်ပါ။ သတင်းသမားမျက်လုံး အငှားသုံးကြည့်လိုက်လျှင်တော့ သစ်ပင်၊ သစ်တောများ ပြုန်းတီးရခြင်း အကြောင်းရင်းကို ကွင်းကွင်းကွက်ကွက်ကြီးကို မြင်လိုက်ရသည်။ ထို့ထက် သစ်တော၊ သစ်ပင်ချစ်မြတ်နိုးသူ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တို့၏ မျက်လုံး အငှားသုံးကြည့်မည်ဆိုလျှင်တော့ သစ်ပင်၊ သစ်တောများ ပျက်စီးနေမှုကို သိရ၍ ဝမ်းနည်းမှုကိုပင် ခံစားရပေဦးမည်။

### ထင်းခုတ်သည့်ဓလေ့

အမှန်တော့ မိုးကုန်၍ ဆောင်းရောက်ပြီဆိုသည်နှင့် ကျေးလက်ဒေသအများစုတွင် ထင်းခုတ်လေ့ရှိပါသည်။ မိုးမကျမီ ဆောင်းနှင့် နွေတစ်လျှောက်လုံး ထင်းခုတ်လေ့ရှိပါသည်။ ထင်းခုတ်ရာတွင် မိမိပိုင်လယ်ယာမြေများ၊ အများပိုင်တောတောင်များ၊ သစ်တောကြိုးဝိုင်းများ စသည်ဖြင့် တရားဝင်၊ တရားမဝင် ခုတ်လှဲလေ့ရှိသည်။ အချို့က အပင်ကြီးများကို ထင်းချိုင်ကြသည်။ အချို့က အပင်ငယ် အလယ်၊ အလတ်များကို ခုတ်လှဲပစ်ကြသည်။ ဤသို့ဖြင့် ထင်းခုတ်ရာသီ ထင်းခုတ်ကြသည့် အလေ့အကျင့်သည် ဓလေ့တစ်ခုလို ဖြစ်နေပေတော့သည်။

### သစ်ပင်နှင့် ရာသီဥတု

ထို့ကြောင့်လည်း သစ်တော၊ သစ်ပင်များသည် တဖြည်းဖြည်း လျော့နည်းလာသည်။ နှစ်စဉ်နှစ်တိုင်း ထင်းခုတ်နေကြသဖြင့် တောများပြုန်းတီးလာရာမှ နောက်ဆုံး တောင်ကတုံးဖြစ်နေသောနေရာအဖြစ်သို့ ရောက်ရှိလာတော့သည်။ သစ်တော၊ သစ်ပင်များ ကျဲပါးလာခြင်းကြောင့် ရာသီဥတုမှာလည်း ပြောင်းလဲသွားတော့သည်။ မိုးရွာရမည့် ကဆုန်၊ နယုန်လများသို့ပင် ရောက်သော်လည်း မိုးပေါက်မကျသော နေရာများရှိသည်။ မိုးခေါင်မှုဒဏ်ကို ရင်ဆိုင်ကြရတော့သည်။

### သစ်တော၊ သစ်ပင်များ၏ ကျေးဇူး

တကယ်တော့ သစ်ပင်၊ သစ်တောကို အလွန်အကျွံ ခုတ်ယူခြင်းမပြုသင့်ပေ။ ဘာသာရေးရှုထောင့်ကကြည့်လျှင်ပင် သစ်ပင်ခုတ်ခြင်းကို မပြုထိုက်ပေ။ မြတ်စွာဘုရားရှင်လက်ထက်တော်အခါက သစ်ပင်များသည် ပစ္စည်းလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ မြတ်စွာဘုရားရှင်နှင့်တကွ ရဟန်းသံဃာတော်များ ဒေသစာရီလှည့်လည်ကြွချီစဉ် သစ်ပင်ကြီးများကို ကျောင်းအမှတ်ဖြင့် သီတင်းသုံးနေထိုင်တော်မူကြကြောင်း မှတ်သားဖူးပါသည်။ ယနေ့ခေတ်အထိတိုင် အိန္ဒိယနိုင်ငံ၌ ကျောင်းမရှိသော ကျေးလက်ဒေသတွင် သစ်ပင်ကြီးများအောက် စာသင်ခြင်းကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။ သစ်တော၊ သစ်ပင်များ၏ ကျေးဇူးကားကြီးမားလှပေစွ။

သစ်တော၊ သစ်ပင်များကို သိပ္ပံပညာရှုထောင့်ကကြည့်လျှင်လည်း လူနှင့်တိရစ္ဆာန်တို့အတွက် များစွာ အကျိုးပြုလျက်ရှိပါသည်။ သစ်ပင်များမှ နေ့စဉ် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပြီး အောက်ဆီဂျင်ကို ပြန်လည်ထုတ်ပေးလျက် ရှိပါသည်။ သစ်ပင် သစ်တောများရှိခြင်းကြောင့် မြေဆီလွှာပျက်စီးခြင်းမှလည်း ကာကွယ်ပေးနိုင်ပါသည်။ ထို့အပြင် အလွန်အမင်းမိုးခေါင်ခြင်းကို ကာကွယ်ပေးနိုင်သဖြင့် ရာသီဥတုကိုလည်း မျှတစေသည်။ သစ်တော၊ သစ်ပင်များရှိသောအရပ်တွင် မိုးကောင်းစွာ ရွာသွန်းလေ့ရှိပါသည်။

သစ်ပင်သစ်တောများရှိသဖြင့် ခရီးသွားပြည်သူတို့ အရိပ်အာဝါသတွင် အပန်းဖြေနားခိုနိုင်ပါသည်။ ပန်းမန်များ၏အလှကို ခံစားနိုင်ပါသည်။ အသီး၊ အပွင့်၊ အရွက်တို့ကို ဆွတ်ခူးစားသုံးနိုင်ပါသည်။ အနိမ့်ဆုံး သစ်တောသစ်ပင်များတွင် ကျေးငှက်သာရကာများ လာရောက်နားခိုမြူးထူးကြသဖြင့် စိတ်ကြည်နူးလန်းဆန်းမှုကို ခံစားနိုင်ပါသည်။ သစ်ပင်သစ်တောများမရှိလျှင် အထက်ဖော်ပြပါ အကျိုးကျေးဇူးများ၊ အခွင့်အရေးများ ဆုံးရှုံးမည်ဖြစ်ပါသည်။ မိုးခေါင်ခြင်း၊ ရေရှားခြင်း၊ အလွန်ပူပြင်းခြင်း၊ အစာရေစာရှားပါးခြင်း၊ ငှက်မွတ်ခေါင်းပါးခြင်း၊ ရောဂါဘယများထူပြောခြင်း စသောဆိုးကျိုးများကို တသီတတန်းကြီး ကြုံတွေ့ခံစားရမည်ဖြစ်သည်။

သစ်ပင်၊ သစ်တောများကို ခုတ်လှဲနေခြင်းသည် သဘာဝပတ်ဝန်းကျင်သုံးမျိုးကို ဖျက်ဆီးရာရောက်ပါသည်။ သစ်ပင်၊ သစ်တောများ ခုတ်လှဲခြင်းကြောင့် မြေထုသဘာဝပတ်ဝန်းကျင်၊ ရေထုသဘာဝပတ်ဝန်းကျင်၊ လေထုသဘာဝပတ်ဝန်းကျင်တို့ကို တစ်ပြိုင်တည်းပျက်စီးစေပါသည်။ သစ်ပင်၊ သစ်တောများ ပြုန်းတီးလာမှုကြောင့် မြေဆီလွှာများပျက်စီးကာ စိုက်ပျိုးထွန်ယက်၍ မရတော့သည့် သဲကန္တာရအဖြစ်သို့ ရောက်ရှိသွားမည်ဖြစ်ပါသည်။ ယနေ့ကမ္ဘာပေါ်တွင် သဲကန္တာရတိုက်ဖျက်ရေး ဆောင်ရွက်နေသောနိုင်ငံများစွာရှိပါသည်။ သို့သော် နှစ်ပေါင်းများစွာကြိုးစားနေကြသော်လည်း မူလသဘာဝ ရာသီဥတုမျိုး ပြန်မရနိုင်တော့ပါ။ ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။

### သစ်တောထိန်းသိမ်းရေးစီမံကိန်းများ

မကြာသေးမီက သစ်တောဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၂၀-၂၀၂၂ ခြောက်လဘဏ္ဍာနှစ် ဆောင်ရွက်ဆဲလုပ်ငန်းများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ သစ်တောဦးစီးဌာန၌ ကျင်းပခဲ့ပါသည်။ ထိုအစည်းအဝေးတွင် သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတော်သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်၊ ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် သဘာဝပတ်ဝန်းကျင် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ညီညွတ်မျှတပြီး ပျက်စီးပြုန်းတီးမှုမရှိစေရန် ရည်ရွယ်၍ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း၊ ခရိုင်သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းနှင့် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် သစ်တောပြုန်းတီးမှုလျှော့ချနိုင်ရန်နှင့် သစ်တောထိန်းသိမ်းမှု အရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်မှစတင်၍ ကျွန်း မူရင်းဒေသပဲခူးရိုးမတွင် သစ်ထုတ်လုပ်မှုကို ၁၀ နှစ်ရပ်ထားခဲ့ပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ကျွန်းနှင့် သစ်မာထုတ်လုပ်မှုကို နှစ်စဉ်တောထွက်၏ ၅၅ ရာခိုင်နှုန်းနှင့် ၃၃ ရာခိုင်နှုန်းထိ အသီးသီး လျှော့ချထုတ်လုပ်စေခဲ့ကြောင်း၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့ရာ ယခုအခါကြိုးဝိုင်းကြိုးပြင်ကာကွယ်တော ၁၂၇၀ (နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၇၂ ရာခိုင်နှုန်း) ကိုလည်းကောင်း၊ သဘာဝထိန်းသိမ်းရေး နယ်မြေ ၄၇ ခု၊ (နိုင်ငံဧရိယာ၏ ၆ ဒသမ ၀၉ ရာခိုင်နှုန်း) ကိုလည်းကောင်း သတ်မှတ်ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရပါသည်။

### တရားမဝင်သစ်ဖမ်းဆီးရေး

လာမည့် မိုးရာသီကာလအတွင်း သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ကျေးရွာထင်းစိုက်ခင်းများတည်ထောင်ခြင်း၊ လမ်းဘေးဝဲယာသစ်ပင်စိုက်ပျိုးခြင်း၊ ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်း၊ ဒီရေတောများ

*စာမျက်နှာ ၁၁ သို့*

**"ထင်းခုတ်ခြင်း အလေ့အထကြီးကို ရပ်တန့်သွားနိုင်ရေး ဝိုင်းဝန်းကြပ်မတ်ရေးလုပ်ငန်းစဉ်တစ်ရပ် အရှည်သဖြင့်ဆောင်ရွက်ကြရဦးမည် ဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း သစ်ပင်စိုက်ပျိုးရေး ပွဲတော်များက ထင်းခုတ်ခြင်းရာသီကို လွှမ်းမိုးနိုင်ခြင်းမရှိသေးပါ။ သစ်ပင်ဖြစ်ထွန်းမှုနှင့်ပျက်စီးမှု နှိုင်းယှဉ်လျှင် ပျက်စီးမှုကများနေပါက သေချာပေါက် သစ်တောပျက်စီး၍ သဘာဝပတ်ဝန်းကျင်လည်း ပျက်စီးလာတော့မည် ဖြစ်ပါသည်။ သစ်ပင်တွေကို တော်တော်ခုတ် တောပြုန်းတော့မည်ဆိုသည့် စကားအတိုင်း သစ်တောများပျက်စီးခြင်းသို့ ရောက်ရှိသွားနိုင်ပါသည်"**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ အမိတာရာမရဲကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ရန်ကင်းပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ကန်မိန်းကျောင်းပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မြောင်းမြကျောင်းပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ကောင်းခြင်းစုံလင် အောင်ရိပ်ဆင်

❖ ရတုစိန်ရောင် ၊ ဂုဏ်တန်ဆောင်လျှင်
တဘောင်အတိတ် ၊ ဆောင်နိမိတ်နှင့်
အောင်ဟိတ်ဆင်လျက် ၊ ထက်ဘဝက်ထိ
ပြက်ပြက်ပြိုးပြိုး ၊ ထိန်လျှံဖြိုးပြီ
မျိုးမြန်မာတို့ ကောင်းရန်ကို...။

❖ အတီအတေ ၊ ရှေးပဝေထိ
ရှည်လျားဖြန့်ကြက်၊ တွေးနယ်ဆက်မှု
မပျက်ချစ်ခြင်း ၊ နောင်ညီရင်းသို့
အခင်းကြီးငယ် ၊ ရှိခါဝယ်လည်း
သွေးဖည်မစောင်း ၊ ညီလုကြောင်းမို့
သောင်းတပ်ရန်မျိုး၊ မာန်စွယ်ကျိုးအောင်
ရိုက်ချိုးနိုင်စွမ်း ၊ အံ့မခန်းပြီ
မှတ်တမ်းမော်ကွန်း ခံ့တယ်ကို...။

❖ ယူနီယံဂျက် ၊ အမျိုးဖျက်တို့
အိမ်ကြက်ချင်းလျှင်၊ ရန်သူထင်အောင်
စိတ်စဉ်သေးနုတ် ၊ အိုးမည်းသုတ်လျက်
ဓာတ်ရှုပ်ဖန်ရင်း သွေးခွဲခြင်းကို
ထင်းထင်းကြုံရ ၊ မြင်ပါရမို့
နီးကြွသတိ ၊ ပင်လုံသိသည်
ပီတိရွှန်းစို လွှမ်းတယ်ကို...။

❖ ထူးခြားလှစွာ ၊ ယနေ့ခါဝယ်
မြန်မာဟူငြား ၊ နောင်ညီများတို့
တစ်သားတည်းတည်...
တညီတည်းလှမ်း...
တစ်လမ်းတည်းပေါ်...
မြော်မြင်ဆင့်တွေး ၊ "ငြိမ်းချမ်းရေး"ကို
ပိုက်ထွေးပိုင်စွာ ၊ တည်ဆောက်ပါမှ
ပြည်ရွာမြင့်ကြောင်း၊တိုးတက်ကြောင်းကို
ထပ်လောင်းတွေးချိန် တန်ပြီကို...။

❖ နေခြည်ဖွင့်လှစ် ၊ အရုဏ်သစ်ဖြင့်
ထုဆစ်စိန်ရောင် ၊ ဂုဏ်တန်ဆောင်ကား
ထွန်းပြောင်တင့်လျှမ်း ၊ အံ့ဘနန်းတည့်
ခမ်းနားထင်စွာ၊ မင်္ဂလာတို့
ယှဉ်လာသွန်းလောင်း၊ ခဝပ်ညောင်းလျက်
ကောင်းခြင်းစုံလင်၊ အောင်ရိပ်ဆင်လျက်
သဘင်ဝှဲချီး ကျင်းတယ်ကို.....။
လက်ဘွဲ့ရေး ဦးညွှတ်ကြို.....။ ။

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်

**မောင်စိမ်းနောင်(လယ်ဝေး)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၂-၂-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ (၅၄)၊ အမှတ် (၇) ၌ မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအတိုင်းလုပ်မိ၍ ဒုက္ခရောက်ရသည့် မောင်လူအေးအကြောင်းကို ရေးဖွဲ့ထားသည့် "မောင်လူအေးရဲ့နောင်တ" မျက်နှာဖုံးဇာတ်လမ်း၊ တပို့တွဲလ၌ မြန်မာလူမျိုးတို့ နှစ်စဉ်ကျင်းပလေ့ရှိသော ထမနဲပွဲအကြောင်းကို သိရှိနိုင်စေရန် ဗဟုသုတရဖွယ် ရေးဖွဲ့ထားသည့် "တပို့တွဲလ ထမင်းနဲပွဲ" သုတဆောင်းပါး၊ မုန့်ဖိုးများလိမ်ညာတောင်းကာ မိမိနှင့်မတည့်သော သရေစာမုန့်များ ဝယ်စားမိ၍ ဒုက္ခရောက်ရသော ပေါက်ကျော် အကြောင်းကို တင်ဆက်ထားသည့် "မုန့်ဖိုးမတောင်းတော့ပါ" နှစ်မျက်နှာကာတွန်း၊ မိတ်ဆွေကောင်းကို ဖယ်ရှားကာမကောင်းသော မိတ်ဆွေကို ပေါင်းဖက်မိ၍ ဒုက္ခရောက်ရသော မျောက်လေးအကြောင်းကို ရေးဖွဲ့ထားသည့် "မျောက်နဲ့သရက်သီး" ပုံပြင်၊ ကလေးနှစ်ယောက်၏ ဟာသဖြစ်ဖွယ် အပြန်အလှန်ပြောဆိုကြပုံကို သရုပ်ဖော်ရေးဖွဲ့ထားသည့် "ကျွန်တော့်အဖေ" တစ်မျက်နှာကာတွန်း၊ လူကြီးသူမများ၏ ဆုံးမစကားကို နားမထောင်ဘဲ မိမိသဘောအတိုင်း ဆောင်ရွက်ခဲ့၍ ဒုက္ခရောက်ခဲ့ရသော နေလင်းညွန့်တို့ ညီအစ်ကိုအကြောင်းကို တင်ဆက်ထားသည့် "ရွာအပြန်" ဝတ္ထု၊ ကလေးတို့အနေဖြင့် ကြိုးစားလုပ်ကိုင်ပါက အောင်မြင်မှုများရရှိနိုင်ကြောင်းကို အတုယူဖွယ် တင်ဆက်ထားသည့် "ဆုရတီအောင်-ကြိုးစားခြင်း၏ ရလဒ်" နှစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် အပျော်အပါးမမက်ဘဲ စာကိုသာ ဂရုစိုက်ကြိုးစားသင့်ပုံကို တင်ဆက်ထားသည့် "ဖိုးထူးပါဝင်သော နောင်တ" နှစ်မျက်နှာကာတွန်း၊ Adjective နှင့် Adverb များအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေး အင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၃၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

ဇော်ဝင်းထွန်း




*စာမျက်နှာ ၁၀ မှ*

ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် စနစ်တကျ ကြိုတင်ပြင်ဆင် သွားရန်လိုကြောင်း သိရသည်။ ယခုအခါ ပြည်နယ် နှင့် တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များက သစ်တောဦးစီးဌာန၏ ဦးဆောင်မှုဖြင့် တရားမဝင်သစ်ဖမ်းဆီးရေးကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ ဤလုပ်ဆောင်ချက်သည် သစ်တော ထိန်းသိမ်းရေးအတွက် များစွာ အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝ ရေ ၊ မြေ၊ တောတောင်များနှင့် လှပသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု ဆိုကြ ပါသည်။ ထိုအချက်သည် ဟုတ်လည်းဟုတ်သလို မှန်လည်းမှန်ပါသည်။ သို့သော် ထိုအလှ၊ ထိုသဘာဝကို ထိန်းသိမ်းဖို့တော့ လူတိုင်းမှာ တာဝန်ရှိပါသည်။ ယခုကဲ့သို့ သစ်ပင်၊ သစ်တောများကို အစုလိုက် အပြုံလိုက် ပျက်စီးစေသည့် ထင်းခုတ်ခြင်း အလေ့အထကို ပြောင်းလဲပစ်ဖို့ အချိန်တန်ပြီလို့ ဆိုချင်ပါသည်။ ထင်းခုတ်ရာသီရောက်တိုင်း ထောင်သောင်းမကသော သစ်ပင်များ သေကျေပျက်စီးလျက်ရှိပါသည်။ ထင်းခုတ်ခြင်း အလေ့အထကြီးကို ရပ်တန့်သွားနိုင်ရေး ဝိုင်းဝန်းကြပ်မတ်ရေး လုပ်ငန်းစဉ်တစ်ရပ် အရှည်သဖြင့် ဆောင်ရွက်ကြရဦးမည် ဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း သစ်ပင်စိုက်ပျိုးရေး ပွဲတော်များက ထင်းခုတ်ခြင်းရာသီကို လွှမ်းမိုး နိုင်ခြင်းမရှိသေးပါ။ သစ်ပင်ဖြစ်ထွန်းမှုနှင့် ပျက်စီးမှု နှိုင်းယှဉ်လျှင် ပျက်စီးမှုကများနေပါက သေချာပေါက် သစ်တောပျက်စီး၍ သဘာဝပတ်ဝန်းကျင်လည်း ပျက်စီးလာတော့မည် ဖြစ်ပါသည်။ သစ်ပင်တွေကို တော်တော်ခုတ် တောပြုန်းတော့မည်ဆိုသည့် စကားအတိုင်း သစ်တောများ ပျက်စီးခြင်းသို့ ရောက်ရှိသွားနိုင်ပါသည်။

**အားလုံး၏တာဝန်**

သဘာဝပတ်ဝန်းကျင် ပကတိအရှိတရားများ၏ အကျိုးကျေးဇူးကို ခံစားလိုလျှင် ထိုသဘာဝပတ်ဝန်းကျင်ကွင်းဆက်ကြီး ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းကြဖို့ လိုပါသည်။ ထိုတာဝန်သည် မည်သူ့တာဝန်လဲဟုမေးလျှင် အားလုံး၏တာဝန်ဖြစ်သည်ဟု ဆိုရပေမည်။ မီဒီယာများက ဖော်ထုတ်ရေးသားသလို ပညာရှင်အပိုင်းကလည်း အသိပေးကြရပေသည်။ ထို့အတူ ဥပဒေကြောင်းအရ ဖမ်းဆီးအရေးယူမှုများလုပ်သလို ထင်းခုတ်သူများကလည်း လေးစားလိုက်နာဖို့ တာဝန်ရှိပေသည်။ ထိုနည်းတူစွာ ပြည်သူအပေါင်းကလည်း တတ်စွမ်းသရွေ့ သစ်ပင်စိုက်ခြင်း၊ သစ်ပင်စိုက်ပွဲတော်များတွင် ပါဝင်စိုက်ပျိုးခြင်းတို့ဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အရှည်သဖြင့် ဆောင်ရွက်ကြရဦးမည်ဖြစ်ပါသည်။ ။

# ပြင်သစ်နိုင်ငံ၌ နျူကလီးယားဓာတ်ပေါင်းဖို ခြောက်ခု တည်ဆောက်သွားမည်

**ပါရီ ဖေဖော်ဝါရီ ၁၁**

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ပြင်သစ်နိုင်ငံ၌ နျူကလီးယားဓာတ်ပေါင်းဖို ခြောက်ခု တည်ဆောက်သွားရန် စဉ်းစားလျက်ရှိသည်ဟု နိုင်ငံအရှေ့ပိုင်းမြို့ ဘဲဖို့ဒ်မြို့တွင် ဖေဖော်ဝါရီ ၁၀ ရက်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံသည် ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လုပ်မှုကို သုညရာခိုင်နှုန်းအထိ လျှော့ချရန် ရည်မှန်းထားရာ အဆိုပါ ရည်မှန်းချက်အတိုင်း ပြည့်မီအောင်လုပ်ဆောင်မည်ဆိုပါက ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များနှင့်အတူ နျူကလီးယားစွမ်းအင်ကို မှီခိုရန်မှတစ်ပါးမရှိတော့ဟု မက်ခရွန်က ပြောသည်။

နျူကလီးယားဓာတ်ပေါင်းဖိုသစ် ခြောက်ခုကို ပြင်သစ်ကုမ္ပဏီကြီးများက တည်ဆောက်သွားမည်ဖြစ်ပြီး နောက်ထပ် တည်ဆောက်ရန်အတွက်လည်း လေ့လာမှုများ ပြုလုပ်နေသည်။ လက်ရှိတည်ရှိနေသည့် နျူကလီးယား ဓာတ်ပေါင်းဖိုများကို နှစ် ၅၀ အထိ သက်တမ်းခံစေရန်အတွက်လည်း စဉ်းစားနေသည်ဟု ၎င်းက ဆက်ပြောသည်။

၂၀၁၁ ခုနှစ် ဖူကူရှီးမား နျူကလီးယားဓာတ်ပေါင်းဖိုဖြစ်ရပ်ကြောင့် အချို့သောနိုင်ငံများတွင် နျူကလီးယားစွမ်းအင်ကိစ္စကို နောက်ပြန်လှည့်သွားကြသည်။ ပြင်သစ်နိုင်ငံသည်လည်း နျူကလီးယားဓာတ်ပေါင်းဖိုတွင် ရင်းနှီးမြှုပ်နှံမည့်အရေး ပျက်ကွက်ခဲ့သည်။ ပြင်သစ်နိုင်ငံ၏ နျူကလီးယားလုပ်ငန်းတွင် အလုပ်သမားအင်အား ၂၀၀၀၀၀ အတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပြီး နောက်ထပ် အလုပ်အကိုင်ထောင်နှင့်ချီ၍ ဖန်တီးပေးနိုင်သည့်အတွက် ထောက်ခံမှုများရရှိအောင် ကြိုးပမ်းရှာဖွေနေသည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ



ပြင်သစ်နိုင်ငံအရှေ့ပိုင်းရှိ Bugey နျူကလီးယားဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံ၌ ကိုဗစ် - ၁၉ ကြောင့် ချမှတ်ထားသည့် ပြည်ဝင်ခွင့်တင်းကျပ်မှုများ ဖြေလျှော့ပေး

**နယူးဒေလီ ဖေဖော်ဝါရီ ၁၁**

အိန္ဒိယနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်မှုများ လျော့ကျလာသည့်အတွက် ကိုဗစ်-၁၉ နယ်စပ်ထိန်းချုပ် ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန် အစိုးရက စီစဉ်ထားသည်။

ဖေဖော်ရီ ၁၄ ရက်မှစတင်ကာ အိန္ဒိယနိုင်ငံသို့ လာရောက်မည့် အပြည်ပြည်ဆိုင်ရာမှ ခရီးသွားများသည် ခုနစ်ရက်ကြာ အသွားအလာ စောင့်ကြည့်မှုခံယူရန် မလိုအပ်တော့ပေ။ ဒီဇင်ဘာလအတွင်း ကိုဗစ် -၁၉ ကူးစက်မှုများ ပြန်လည်ပေါ်ပေါက်လာပြီးနောက် ဇန်နဝါရီ ၁၁ ရက်မှစတင်ကာ အိန္ဒိယနိုင်ငံအတွင်းသို့ ပြည်ဝင်ခွင့်များကို တင်းကျပ်ခဲ့သည်။

လွန်ခဲ့သည့်လမှ စတင်ကာ ရောဂါကူးစက်မှုများ ကျဆင်းလာပြီဖြစ်သည်။ ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှု စနစ်များမှာလည်း နိုင်နင်းသည့် အနေအထားတွင် ရှိနေသေးသည်ဟု အစိုးရက သတ်မှတ်ထားသည်။

ကိုဗစ် -၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်များကိုမူ ခရီးသွားများက ပြသရန် လိုအပ်နေသေးသည်။ အဆိုပါ ဆေးစစ်ချက်များမှာ ခရီးမထွက်မီ ၇၂ နာရီအတွင်း ပြုလုပ်ထားသည့် ဆေးစစ်ချက်များ ဖြစ်ရမည်ဖြစ်သည်။ ဆိုက်ရောက်လာသည့် ခရီးသွားများကို ကျပန်းဆေးစစ်မှုများ ပြုလုပ်သွားမည်ဟုလည်း အစိုးရက ပြောသည်။

အင်န်အိတ်ချ်ကေ



အိန္ဒိယနိုင်ငံ၌ ကိုဗစ် -၁၉ ဆေးစစ်နေစဉ်။

# တောင်ကိုရီးယားနိုင်ငံ၌ စက်ရုံပေါက်ကွဲမှုကြောင့် လေးဦး သေဆုံးပြီး လေးဦး ဒဏ်ရာရ

**ဆိုးလ် ဖေဖော်ဝါရီ ၁၁**

တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်း မြို့ယဲအိုဆုတွင် စက်ရုံတစ်ရုံ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အလုပ်သမား လေးဦး သေဆုံးကာ လေးဦး ဒဏ်ရာရရှိခဲ့သည်ဟု ယွန်ဟတ်သတင်းအေဂျင်စီတွင် ဖေဖော်ဝါရီ ၁၁ ရက်က ဖော်ပြခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၆ မိနစ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဆိုးလ်မြို့မှ ၄၅၀ ကီလိုမီတာအကွာရှိ ဆိပ်ကမ်းမြို့ရှိ ရေနံဓာတုစက်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှု ဖြစ်ပွားစဉ် အနီးအနားတွင်ရှိသည့် အလုပ်သမား ရှစ်ဦးအနက် လေးဦး သေဆုံးကာ လေးဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများကို အနီးစပ်ဆုံးဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ပေါက်ကွဲမှုအရှိန်ကြောင့် မီးလောင်ပျက်စီးဆုံးရှုံးမှု မရှိခဲ့ပေ။ ပေါက်ကွဲမှုဖြစ်ပွားရခြင်း၏အကြောင်းရင်းကို ရဲများနှင့် မီးသတ်သမားများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ဆင်ဟွာ

# အာဖရိက၌ ကိုဗစ် -၁၉ ကူးစက်မှု ၁၁ သန်းဝန်းကျင်အထိရှိလာ

**အဒစ္စအဘာဘာ ဖေဖော်ဝါရီ ၁၁**

အာဖရိက၌ ကိုဗစ် -၁၉ ကူးစက်မှုမှာ ဖေဖော်ဝါရီ ၁၀ ရက်က ၁၀၉၈၁၆၉၅ ဦးအထိ ရှိလာပြီဖြစ်သည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။ အာဖရိကတိုက်တစ်ခုလုံးတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းမှာလည်း ၂၄၃၀၈၈ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူ ၁၀၀၅၃၇၆၅ ဦး ရှိသည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

အာဖရိကနိုင်ငံများထဲတွင် တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံတို့မှာ ကူးစက်မှုအများဆုံးနိုင်ငံများ ဖြစ်သည်။ တောင်အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၆၃၁၆၄၂ ဦးရှိပြီး ယင်းနောက်တွင် မော်ရိုကိုက ၁၁၅၁၀၈၁ ဦး ရှိသည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာကပြောသည်။ အာဖရိကတောင်ပိုင်းဒေသမှာ ကူးစက်မှုအများဆုံးဖြစ်သည်ဟု သိရသည်။

ဆင်ဟွာ

# အိတ်ချ်အိုင်ဗွီ ဗိုင်းရပ်စ် ပူးတွဲရှာဖွေတွေ့ရှိခဲ့သူ ပြင်သစ်နိုဘယ်ဆုရှင် လုခ်မွန်တေးနီးယား ကွယ်လွန်

**ပါရီ ဖေဖော်ဝါရီ ၁၁**

ပြင်သစ် သိပ္ပံပညာရှင် လုခ်မွန်တေးနီးယားမှာ အေအိုင်ဒီအက်စ်ရောဂါကို ဖြစ်ပွားစေသည့် အိတ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ကို ပူးတွဲရှာဖွေတွေ့ရှိမှုကြောင့် ဆေးပညာဆိုင်ရာ နိုဘယ်ဆုရရှိခဲ့သူဖြစ်ပြီး ယခုအခါ အသက် ၈၉ နှစ်တွင် ကွယ်လွန်သွားခဲ့ပြီဟု ၎င်းတက်ရောက်ကုသနေသည့် ဆေးရုံက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောသည်။

၎င်းမှာ ဖေဖော်ဝါရီ ၈ ရက်ကတည်းက ဆုံးပါးသွားခဲ့ခြင်းဖြစ်သည်။ လုခ်မွန်တေးနီးယား၏ အိတ်ချ်အိုင်ဗွီ တိုက်ဖျက်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများကို ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ချီးကျူးခဲ့သည်။ ၎င်း၏ လုပ်ဆောင်ချက်များမှာ ၂၁ ရာစုအတွက် သိပ္ပံနှင့် ဆေးဘက်ဆိုင်ရာ အကြီးဆုံးစိန်ခေါ်မှုဖြစ်ကြောင်း ပြင်သစ်သမ္မတက ပြောကြားခဲ့သည်။

အေအက်ဖ်ပီ



ပြင်သစ် သိပ္ပံပညာရှင် လုခ်မွန် တေးနီးယား။

# ပြင်သစ်နိုင်ငံ၌ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ခြင်းကို မကြာမီ အဆုံးသတ်တော့မည်

**ပါရီ ဖေဖော်ဝါရီ ၁၁**

ပြင်သစ်ကိုရိုနာဗိုင်းရပ်စ်စည်းမျဉ်းများက ပြည်သူများကို မိုးလုံလေလုံအဆောက်အအုံများအတွင်း ပါးစပ်နှာခေါင်းစည်းတပ်ဆင်ခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်မှစကာ ပြီးဆုံးစေတော့မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၁ ရက်က ဖော်ပြလိုက်သည်။ ပြင်သစ်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကျန်းမာရေးအခြေအနေများ တိုးတက်လာခဲ့သည်။

အဆိုပါစည်းမျဉ်းများသည် အများပြည်သူဆိုင်ရာနေရာများဖြစ်သည့် ဘားများ၊ စားသောက်ဆိုင်များ၊ အားကစားနှင့် အားလပ်ချိန်လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ရာနေရာများတွင် သက်ရောက်မှုရှိမည်ဖြစ်သည်။ အဆိုပါနေရာများတွင် အထဲသို့ဝင်ရောက်နိုင်ရန် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားကြောင်း အထောက်အထားပြသရန်လိုအပ်သည်။

သို့သော်လည်း ပြင်သစ်ပြည်သူများသည် အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ပါးစပ်နှာခေါင်းစည်းများကို ဆက်လက်တပ်ဆင်ထားစေသည်။ ဧပြီလတွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲနီးကပ်လာခြင်းနှင့်အတူ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်းအပေါ် ထိန်းချုပ်ကန့်သတ်ချက်များနှင့် ပတ်သက်ပြီး ပြည်သူများကြား မကျေနပ်မှုများဖြစ်ပေါ်လျက်ရှိသည်။ **အေအက်ဖ်ပီ**



ပြင်သစ်နိုင်ငံ အီဖယ်မျှော်စင် နောက်ခံထားပြီး ဆဲလ်ဖီးရိုက်နေသော အမျိုးသမီးတစ်ဦး ပါးစပ်နှာခေါင်းစည်းတပ်ဆင်ထားသည်ကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရာတွင် ကမ္ဘာ့ဆင်းရဲသောနိုင်ငံများ နောက်ကျကျန်ရစ်

**နယူးယောက် ဖေဖော်ဝါရီ ၁၁**

ချမ်းသာသောနိုင်ငံအများစု ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများဖြန့်ချိချိန်မှစကာ တစ်နှစ်ကြာကာလတွင် ကမ္ဘာ့လူဦးရေထက်ဝက်ကျော် ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးပြီးဖြစ်သည်။

သို့သော်လည်း ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေးဖြန့်ချိမှုများတွင် မညီမျှမှုများ ကျန်ရှိလျက်ရှိသည်။

ဆင်းရဲသော နိုင်ငံများသည် ချမ်းသာ သောနိုင်ငံများထက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှုန်း များစွာ လျော့နည်းလျက်ရှိကြောင်း ဒီအာကန်ဆက် ဒီမိုကရက် ဂေဇက်တွင် ဖေဖော်ဝါရီ ၁၁ ရက်က ဖော်ပြသည်။

ပြည်သူ့ကျန်းမာရေးကျွမ်းကျင်သူများက ကာကွယ်ဆေးမညီမျှခြင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကို သက်ဆိုးရှည်စေကြောင်း သတိပေးထားသည်။ ကမ္ဘာတစ်ဝန်း လူဦးရေ ၅၄ ရာခိုင်နှုန်းနီးပါး ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးပြီဖြစ်သည်။



အာဖရိကနိုင်ငံတစ်ခုတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

ထို့အတူ ကမ္ဘာတစ်ဝန်းလူဦးရေ ၆၂ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးပြီဖြစ်သည်။ သို့သော်လည်း ဝင်ငွေနည်း ကမ္ဘာ့နိုင်ငံများ၏ ၁၁ ရာခိုင်နှုန်းအောက် လျော့နည်းသူများသည် ကိုဗစ်-၁၉ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံမှုခံယူပြီးပြီဖြစ်သည်။

ထို့အတူ ဝင်ငွေနည်းမှ ဝင်ငွေအလယ် အလတ်ရှိသော နိုင်ငံများ၏ ပြည်သူ ၅၅ ရာခိုင်နှုန်းခန့်နှင့် အလယ်အလတ် အထက်ရှိသူနှင့် ဝင်ငွေမြင့်မားသော နိုင်ငံများ၏ ပြည်သူ ၈၀ ရာခိုင်နှုန်းနီးပါးမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးပြီ ဖြစ်သည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၈၆၆၀ ရှိ

**တိုကျို ဖေဖော်ဝါရီ ၁၁**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဖေဖော်ဝါရီ ၁၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၈၆၆၀ ရှိကြောင်း အစိုးရက အတည်ပြုဖော်ပြသည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှုန်းသည် လွန်ခဲ့သောသီတင်းပတ်ထက် ၁၁၀၀ ကျဆင်းခဲ့သည်။ တစ်ပတ်ပြီးတစ်ပတ် သုံးရက်ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၆၁ ဦးမှာ အခြေအနေစိုးရိမ်ရကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။ စိုးရိမ်ရသူအရေအတွက်သည် ဖေဖော်ဝါရီ ၁၀ ရက်ကထက် သုံးဦးကျဆင်းခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအတွက် ဆေးရုံခုတင်ရရှိနိုင်မှု အခြေအနေသည် တစ်ရာခိုင်နှုန်း မြင့်တက်လာပြီး ၅၈ ဒသမ ၆ ရာခိုင်နှုန်း ဖြစ်လာခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ များပြားလာ

**ဟန္နိုင်း ဖေဖော်ဝါရီ ၁၁**

ဗီယက်နမ်နိုင်ငံ၌ ဖေဖော်ဝါရီ ၁၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၆၄၈၇ ဦးရှိလာခဲ့ပြီး ဖေဖော်ဝါရီ ၁၀ ရက်ထက် ၄၅၅ ဦး ပိုတိုးလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများအနက် ၆၂ ဦးမှာ ဒေသတွင်းအစုလိုက်ကူးစက်မှုများ ဖြစ်ပြီး ၂၆၄၇၁ ဦးမှာ ပြည်တွင်းကူးစက်မှုများဖြစ်ကာ ၁၆ ဦးမှာ ပြည်ပကူးစက်မှုဖြစ်သည်။ ဗီယက်နမ်မြို့တော် ဟန္နိုင်းသည် အစုလိုက်ကူးစက်ဖြစ်ပွားမှုအမြင့်ဆုံးဖြစ်ပြီး ဖေဖော်ဝါရီ ၁၁ ရက်က စုစုပေါင်းကူးစက်ဖြစ်ပွားသူ ၂၉၀၈ ဦးရှိခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ယခုအခါတွင် ၂၄၅၇၁၇၀ ရှိလာပြီး ၃၈၇၄၈ ဦးသေဆုံးခဲ့သည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၂၂၁၂၆၆၉ ဦးရှိသည်။ တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၃၁ ဒသမ ၁ သန်းအပါအဝင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၁၈၄ ဒသမ ၉ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။ **ဆင်ဟွာ**

# ထိုင်းနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးအဖြစ် စံချိန်တင်

**ဘန်ကောက် ဖေဖော်ဝါရီ ၁၁**

ထိုင်းနိုင်ငံ၌ ဖေဖော်ဝါရီ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၄၈၂၂ ဦးရှိကြောင်း ဖော်ပြခဲ့သည်။ အဆိုပါပမာဏသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစကာ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်း အများဆုံးဖြစ်ကြောင်း တရားဝင်စာရင်းများအရ သိရသည်။

ဇန်နဝါရီလတွင် မှတ်တမ်းတင်ဖော်ပြခဲ့သော ပျမ်းမျှနေ့စဉ် ကိုဗစ်-၁၉ကူးစက်ဖြစ်ပွားမှုနှုန်း ၇၀၀၀ ထက် နှစ်ဆပိုမိုများပြားလာခဲ့ကြောင်း ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ လုပ်ငန်းအဖွဲ့ ဖြစ်သည့် ကိုဗစ်-၁၉ အခြေအနေ စီမံခန့်ခွဲရေးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြို့တော်ဘန်ကောက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှုန်း လွန်ခဲ့သော ၂၄ နာရီက ၂၆၃၅ ဦးရှိခဲ့သည်။ နိုင်ငံအတွင်းရှိ ဒေသများအနက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံတွင် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂ ဒသမ ၅၄ သန်းမြင့်တက်လာခဲ့သည်။

ဖေဖော်ဝါရီ ၁၀ ရက်က ကိုဗစ်-၁၉ ကြောင့် ၂၀ ထပ်မံသေဆုံးခဲ့ရာ စုစုပေါင်း ကိုဗစ်-၁၉ ဖြင့်သေဆုံးသူ ၂၂၃၆၄ ဦးအထိ မြင့်တက်လာခဲ့သည်။

**ဆင်ဟွာ**

ထိုင်းနိုင်ငံ ဘန်ကောက်တွင် ဖေဖော်ဝါရီ ၁၁ ရက်က အမျိုးသမီးတစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုခံယူနေစဉ်။



# ကနေဒါနိုင်ငံ၌ ကိုဗစ် - ၁၉ ကန့်သတ်ချက်များကြောင့် ဖြစ်ပေါ်နေသော ပြဿနာ

ကေကေစိုး

**ကနေဒါနိုင်ငံမြို့တော် အော့တဝါတွင် ရာနှင့်ချီသည့် ထရပ်ကားမောင်းသူများသည် ကိုဗစ် -၁၉ ကန့်သတ်ချက်များအပေါ် ဆန့်ကျင်ဆန္ဒပြသည့်အနေဖြင့် ထရပ်ကားများကို ရပ်တန့်ထားရာ မြို့တော်ကို ရက်အတန်ကြာ အသက်ကင်းမဲ့သွားစေခဲ့သည်။**

**ဗဟိုအစိုးရထံတောင်းဆို**

ကိုဗစ်- ၁၉ ကန့်သတ်ချက်အား ဆန့်ကျင်ဆန္ဒပြမှုများကို အဆုံးသတ်ပေးနိုင်ရေး ကူညီပေးကြရန် အော့တဝါမြို့တော်ဝန်က ဗဟိုအစိုးရထံတောင်းဆိုခဲ့သည်။

ယခုအဖြစ်အပျက်ကြောင့် ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒို အပေါ်တွင်လည်း နိုင်ငံရေးအရ ဖိအားများ သက်ရောက်နေခဲ့သည်။ ဆန္ဒပြသူများနှင့် ကြားဝင်စေ့စပ်ပေးရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် ရဲအရာရှိနှင့် ဖျန်ဖြေသူပေါင်း ၁၈၀၀ ကို ဗဟိုအစိုးရက စေလွှတ်ပေးရန် အော့တဝါမြို့တော်ဝန် ဂျင်မ်ဝပ်ဆင်က ပြောသည်။

**ဒေသခံများကို စိတ်ပျက်စေခဲ့**

ထရပ်ကားမောင်းသမားများက ကားများ တန်းစီရပ်ကာ ဆန္ဒပြနေသည်မှာ ၁၀ ရက်ခန့်ရှိပြီ ဖြစ်ပြီး ဟွန်းများအဆက်မပြတ်တီးခြင်းနှင့် မီးခိုးငွေ့များထွက်ခြင်းတို့ကြောင့် ဒေသခံများကို စိတ်ပျက်စေခဲ့သည်။ ကိုဗစ် -၁၉ ကန့်သတ်ချက်များကို ဆန့်ကျင်ဆန္ဒပြမှုမှာ ထိန်းချုပ်နိုင်မှုမှ လွန်ကဲလာသည့်အတွက် အရေးပေါ်အခြေအနေအဖြစ် မြို့တော်ဝန် ဂျင်မ်ဝပ်ဆင်က ကြေညာခဲ့သည်။ မြို့တော်မှ ရဲချုပ် ပီတာစလိုလီးက နောက်ထပ်အကူအညီများရရှိရန် တောင်းဆိုခဲ့သည်။

ယခု ဆန္ဒပြမှုများကို အဆုံးသတ်ရမည်ဖြစ်ပြီး ၎င်းတို့ချည်း ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိဟု ပြောကြားခဲ့သည်။

**ဆန္ဒပြမှုများစတင်ခဲ့**

မြို့အတွင်း နေထိုင်နေကြသည့် ဆန္ဒပြသူများကို စိတ်ဆိုးဒေါသထွက်နေကြသည့် ပြည်သူများ အတွက် အောင်ပွဲတစ်ခုမှာ အွန်တေရီယိုး အထူးတရားရုံးက ဆန္ဒပြသူများ ဟွန်းအဆက်မပြတ်တီးခြင်းကို ရပ်တန့်ရန် အမိန့်ပေးခဲ့သည်။

ဖရီဖရဲဆန္ဒပြသူများ၏ စည်းရုံးရေးမှူးများကို နစ်နာကြေးအတွက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၉ သန်း လျော်ကြေးပေးဆောင်ရန် တောင်းဆိုလာကြသည့် ဒေသခံများလည်းရှိသည်။ အမေရိကန်-ကနေဒါနယ်စပ်ကို ဖြတ်ကျော်သည့်အခါ ကာကွယ်ဆေးထိုးထားရန် လိုအပ်သည်ဟု အမိန့်ထုတ်ထားသည့်အတွက် ဒေါသထွက်နေသော ထရပ်ကားမောင်းသူများက ဆန္ဒပြမှုများ စတင်ပြုလုပ်ခဲ့သည်။

**ကိုဗစ် – ၁၉ ကန့်သတ်ချက်များ ဖြေလျှော့ပေးရမည်**

ဆန္ဒပြမှုများ ကျယ်ပြန့်လာပြီး ကိုဗစ် – ၁၉ ကန့်သတ်ချက်များကို ဆန္ဒပြမှုများနှင့် ကနေဒါဝန်ကြီးချုပ်ထရူးဒို၏အစိုးရကို ဆန့်ကျင်ဆန္ဒပြမှုများ ပေါ်ပေါက်လာသည်။ ဆန့်ကျင်ဆန္ဒပြသူများ၏ စည်းရုံးရေးမှူးဖြစ်သူ တမ်မရာလစ်ချ်က တက်ကြွလှုပ်ရှားသူများမှာ ပဋိပက္ခများကို ဖြေရှင်းရန်အတွက် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်ရေး စိတ်ပါဝင်စားကြသည်ဟု ပြောသည်။ သို့သော်လည်း ကိုဗစ် – ၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးနိုင်ရေးကို ဦးစွာလုပ်ကိုင်ရမည်




ကိုဗစ် -၁၉ ကျန်းမာရေးကန့်သတ်ချက်များကို တစ်စိတ်တစ်ပိုင်း ဆန္ဒပြမှုများအနေဖြင့် တိုရွန်တိုမြို့လမ်းမထက်တွင် ထရပ်ကားများအား တွေ့ရစဉ်။

- **ထရပ်ကားမောင်းသမားများက ကားများတန်းစီရပ်ကာ ဆန္ဒပြနေသည်မှာ ၁၀ ရက်ခန့်ရှိပြီ ဖြစ်ပြီး ဟွန်းများအဆက်မပြတ်တီးခြင်းနှင့် မီးခိုးငွေ့များထွက်ခြင်းတို့ကြောင့် ဒေသခံများကို စိတ်ပျက်စေခဲ့**
- **မြို့အတွင်းနေထိုင်နေကြသည့် ဆန္ဒပြသူများကို စိတ်ဆိုးဒေါသထွက်နေကြသည့် ပြည်သူများ အတွက် အောင်ပွဲတစ်ခုမှာ အွန်တေရီယိုး အထူးတရားရုံးက ဆန္ဒပြသူများ ဟွန်းအဆက်မပြတ် တီးခြင်းကို ရပ်တန့်ရန် အမိန့်ပေးခဲ့**

ဟု အခိုင်အမာပြောဆိုခဲ့သည်။

**ဝေဖန်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရ**

ရှေ့ဆက် မည်သို့ဆက်သွားမည်ကို ဆွေးနွေးမှုများစတင်နိုင်ပြီး ကိုဗစ် – ၁၉ ကန့်သတ်ချက်နှင့် ပတ်သက်၍ ထုတ်ပြန်ထားသော စည်းကမ်းချက်များကို ဦးစွာဖြေလျှော့ပေးရမည်ဖြစ်သည်။ ကနေဒါနိုင်ငံသားများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို ပြန်လည်ပေးအပ်ရမည်ဟု ၎င်းက ဆက်ပြောသည်။ ဆန္ဒပြသူများကိုမြို့တော်အတွင်း ဝင်ရောက်ခွင့်ပြုပြီး ပိတ်ဆို့မှုများပြုလုပ်ရန် ခွင့်ပြုပေးခဲ့ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ ပိတ်ထားရသည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

**ဖမ်းဆီးမှုများပြုလုပ်မည်**

စုဝေးဆန္ဒပြသူများထံ အခြားသောထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာမှုကို တားမြစ်ခြင်းဖြင့် ဆန္ဒပြမှုကို ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းမည်ဟု အော့တဝါရဲဌာနက ပြောသည်။ ဆန္ဒပြ ထရပ်ကားသမားများထံ လောင်စာဆီသယ်ဆောင်ပေးသူများကို ဖမ်းဆီးမှုများပြုလုပ်သွားမည်ဟု ရဲဌာနက တွစ်တာပေါ်တွင် ကြေညာခဲ့သည်။ ယင်းသို့ ကြေညာပြီးသည့်နောက်ပိုင်း လူအချို့ဖမ်းဆီးခံရပြီးဖြစ်ကာ မော်တော်ယာဉ်များကိုလည်း သိမ်းဆည်းခဲ့သည်။

**အလွန့်အလွန်သတိထားရမည်**

ကနေဒါသမ္မတ ဂျက်စတင်ထရူးဒိုမှာလည်း ကိုဗစ် -၁၉ ကူးစက်ခံထားရသည့်အတွက် အသွားအလာ စောင့်ကြည့်ကန့်သတ်မှု ခံယူနေပြီး သီတင်းပတ်ကုန်တွင် ဆန္ဒပြသူများ၏ လုပ်ရပ်နှင့်ပတ်သက်၍ မည်သည့်မှတ်ချက်မျှပေးနိုင်ခဲ့ခြင်း မရှိချေ။ ဖေဖော်ဝါရီ ၃ ရက်တွင် ဆန္ဒပြသူများကိုဖြိုခွင်းရန်အတွက် ကနေဒါတပ်ဖွဲ့ကို တပ်ဖြန့်ချထားကောင်းထားနိုင်သည်ဟု ကြေညာခဲ့သော်လည်း ကနေဒါတပ်ဖွဲ့ကို တပ်ဖြန့်မချထားမီ အလွန့်အလွန် သတိထားရမည်ဟု ၎င်းကပြောကြားခဲ့သည်။

**ဆိုးရွားစွာတုံ့ပြန်ခဲ့**

နိုင်ငံရေးအကျပ်အတည်း ဖြစ်ပေါ်လာစေရန်အတွက် ဆန္ဒပြမှုများကိုအရှိန်မြှင့်တင်ကောင်းတင်နိုင်သည်ဟုလည်း နိုင်ငံရေးသုတေသီတစ်ဦးဖြစ်သူ ဖီဒရစ် ဘွိုင်လီက ပြောသည်။ ကနဦးတွင် ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုက ဆိုးရွားစွာတုံ့ပြန်ခဲ့ကြောင်း ဆန္ဒပြသူများကို လက်ဝဲစွန်းရောက်များ၏ ဆန္ဒပြမှုများဟု ပုံဖော်ရန်ကြိုးစားကာ ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့သည်။ ထရူးဒိုမှာ လောင်စာကို ပိုမိုအားကောင်းစေရန် လုပ်ဆောင်မိခဲ့သည်ဟု ၎င်းကဆက်လက်ဝေဖန်ခဲ့သည်။

**နိုင်ငံရေးပြဿနာအဖြစ် ဦးတည်သွားစေခဲ့**

ကာကွယ်ဆေးထိုးရမည့်ကိစ္စကို နိုင်ငံရေးဆိုင်ရာပြဿနာအဖြစ် ဦးတည်သွားစေခဲ့သည်။ မကြာမီခေါင်းဆောင်သစ်ကို ရွေးချယ်ရတော့မည့် ကွန်ဆာဗေးတစ်များသည်လည်း ဆန့်ကျင်ဆန္ဒပြမှုများနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများရှိနေသည်။

ကနေဒါနိုင်ငံတွင် ကာကွယ်ဆေးမထိုးရသေးသည့်အရွယ်ရောက်ပြီးသူဦးရေမှာ ၁၀ ရာခိုင်နှုန်းရှိပြီး ၃၂ ရာခိုင်နှုန်းသော လူဦးရေမှာ ကာကွယ်ဆေး မဖြစ်မနေထိုးရမည့်အမိန့်ကို ဆန့်ကျင်နေကြသူများအား ထောက်ခံကြသည်ဟု လတ်တလော ကောက်ယူထားသည့် စစ်တမ်းများအရ သိရသည်။ ။

**ကိုးကား – အေအက်ဖ်ပီ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



## ဖေဖော်ဝါရီ ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၀၇ ဦး တွေ့ရှိ

### ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

(၁၁–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း အား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄,၇၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၆၀၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၆.၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၆၄၄,၂၄၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၄၃,၅၁၁) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၉၈၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၅,၈၁၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိ ပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၁–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၅၄၁) ခု | (၁၉၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၄) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂၀) ခု | (၄၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၄) ခု | (၁၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၆၈) ခု | (၁၇၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ ရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၁၇၁) ခု | (၂၆၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၉,၀၀၉) ခု | (၉၁၆) ဦး |
| စုစုပေါင်း | (၂၄,၇၀၇) ခု | (၁,၆၀၇) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၁၁- ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၉၀၅၂၆၈၁ | ၄၉၄၃၅၅၃၈ | ၉၃၉၄၂၇ |
| ၂။ | အိန္ဒိယ | ၄၂၅၃၆၁၃၇ | ၄၁၃၃၁၁၅၈ | ၅၀၇၂၀၈ |
| ၃။ | ဘရာဇီး | ၂၇၁၂၅၅၁၂ | ၂၃၄၄၆၈၄၉ | ၆၃၆၁၁၁ |
| ၄။ | ပြင်သစ် | ၂၁၃၇၂၂၇၈ | ၁၆၂၅၆၆၁၁ | ၁၃၄၂၀၇ |
| ၅။ | ဗြိတိန် | ၁၈၁၆၂၁၉၉ | ၁၅၆၈၁၃၃၅ | ၁၅၉၁၅၈ |
| ၆။ | ရုရှား | ၁၃၇၃၁၇၉၄ | ၁၁၀၂၁၆၃၃ | ၃၃၈၈၁၃ |
| ၇။ | တူရကီ | ၁၂၆၅၃၂၇၆ | ၁၁၇၅၅၉၁၇ | ၈၉၇၄၁ |
| ၈။ | အီတလီ | ၁၁၉၂၃၆၃၁ | ၉၉၆၀၁၃၆ | ၁၅၀၂၂၁ |
| ၉။ | ဂျာမနီ | ၁၁၈၉၇၀၀၂ | ၈၅၉၇၃၀၀ | ၁၂၀၁၉၆ |
| ၁၀။ | စပိန် | ၁၀၅၅၅၁၉၆ | ၇၂၆၄၆၂၃ | ၉၅၆၀၆ |

### ၁၁- ၂ - ၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၇၀၈၀၄၃ | ၄၂၅၀၂၇၇ | ၁၄၄၉၅၈ |
| ဖိလစ်ပိုင် | ၃၆၃၀၆၃၇ | ၃၄၈၄၆၃၆ | ၅၄၈၅၄ |
| မလေးရှား | ၂၉၇၅၄၂၂ | ၂၈၃၅၄၆၄ | ၃၂၀၇၅ |
| ထိုင်း | ၂၅၆၁၁၁၅ | ၂၄၂၇၃၃၅ | ၂၂၃၉၀ |
| ဗီယက်နမ် | ၂၄၅၇၁၇၀ | ၂၂၁၂၆၉၉ | ၃၈၇၈၄ |
| မြန်မာ | ၅၄၃၅၁၁ | ၅၁၅၈၁၆ | ၁၉၃၁၀ |
| စင်ကာပူ | ၄၃၉၆၄၀ | ၃၉၇၆၉၉ | ၈၈၂ |
| လာအို | ၁၃၈၀၀၇ | ၁၃၃၅၆၉ | ၅၈၄ |
| ကမ္ဘောဒီးယား | ၁၂၂၇၄၂ | ၁၁၈၅၂၅ | ၃၀၁၅ |
| ဘရူနိုင်း | ၂၀၄၅၄ | ၁၆၆၁၀ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး သာတူညီမျှဖွံ့ဖြိုးတိုးတက်ရေးအတွက် နေရောင်ခြည်အားစွမ်းအင်

အင်ဂျင်နီယာထွန်း(စက်မှုစီးပွားထူးချွန်)




နေအိမ်အတွက် နေရောင်ခြည်အားစွမ်းအင်ကို အသုံးပြုထားပုံ။

### နေရောင်ခြည်အားစွမ်းအင်

ပြန်လည်ပြည့်ဖြိုးစွမ်းအင် (Renewable Energy) များအနက် နေရောင်ခြည်အားစွမ်းအင် (Solar Energy)သည် လျော့နည်းပျောက်ကွယ်မှုမရှိဘဲ ကမ္ဘာသူ ကမ္ဘာသားများအတွက် ထာဝရခိုင်မြဲစွာ တည်ရှိနေမည်ဖြစ်ပါသည်။

မိမိတို့လူသားများအတွက် စဉ်ဆက်ပံ့ပိုးပေးနေမည့် နေရောင်ခြည်စွမ်းအင်ကို မြော်မြင်စဉ်းစားတွေးခေါ်ပြီး နည်းမျိုးစုံဖြင့်ဖော်ဆောင်အသုံးပြုအကျိုးထူးရရှိစေအောင် သုတေသနပညာရှင်များက သုတေသနပြု ဖော်ဆောင်ပေးနေကြသည်ကို မိမိတို့က လိုအပ်သည့်နေရာများတွင် ထိရောက်စွာ အသုံးချလာနိုင်ကြပါလျှင် တိုင်းရင်းသားပြည်သူများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာ အကျိုးဖြစ်ထွန်းစေပါမည်။

လူသားများအားလုံးက မူလအစကနဦးတွင် တီထွင်အောင်မြင်ခဲ့သော လောင်စာဆီသုံး (Internal Combustion Engine – ICE) စွမ်းအင်ကိုအသုံးပြုကြကာ မိမိတို့ စွမ်းအားလိုအပ်သည့်နေရာများတွင် အသုံးပြု၍လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ဖော်ဆောင်လာနိုင်ခဲ့ကြသည်။ တိုးချဲ့သုံးစွဲလာမှု များပြားလာကြပြီး ကာလကြာမြင့်စွာ သုံးစွဲလာခြင်းတို့ကြောင့် အမြောက်အမြား ထွက်ပေါ်လာသော ညစ်ညမ်းလောင်ကျွမ်းဓာတ်ငွေ့များ၏ ဆိုးရွားမှုများသည် သတ္တဝါများနှင့် လူသားတို့၏ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုများစွာ ဖြစ်ပေါ်စေပါသည်။ ၎င်းကို ကျော်လွှားနိုင်စေရန် လောင်စာဆီသုံး (ICE) အင်ဂျင်သုံးသည့် ခေတ်ကို အစားထိုးဖြည့်ဆည်းပေးနိုင်မည့် လျှပ်စစ်စွမ်းအင်သုံး Electric Vehicle (EV) ယာဉ်များကို သုတေသနပြု အောင်မြင်စွာတီထွင် အသုံးပြုလာနိုင်ကြပြီဖြစ်ပါသည်။

### စွမ်းအင်ရရှိနိုင်သည့် နည်းလမ်းများ

လူဦးရေတိုးတက်လာခြင်းကြောင့် လူသားများ သွားလာနေထိုင်ရေး စားသောက်ရေးတို့အတွက် စွမ်းအင်လိုအပ်ချက်များမှာလည်း အံ့မခန်းဖြစ်လာသဖြင့် စွမ်းအင်ထုတ်လုပ်ပေးနိုင်သော ရေအားစွမ်းအင် (Hydro Power)၊ လေအားစွမ်းအင် (Wind Power)၊ သံလိုက်အားစွမ်းအင် (Magnetic Power)၊ နေရောင်ခြည်အားစွမ်းအင် (Solar Power) စသည့် စွမ်းအင်ရရှိနိုင်သည့် နည်းလမ်းများကို ဖော်ဆောင်ကာ အသုံးချနိုင်ရန် ကြိုးပမ်းလာခဲ့ကြပါသည်။

**❂ မကြာတော့မည့်ခေတ် ၂၀၂၂-၂၀၂၅ ခုနှစ် ကာလခန့်အတွင်း ကမ္ဘာ့နိုင်ငံတိုင်း၌ လတ်တလော သုံးစွဲနေကြသည့် ICE အင်ဂျင်စွမ်းအင်အစား EV စွမ်းအင်သုံး ယာဉ်များကိုသာ သုံးစွဲလာ ကြတော့မည်ဖြစ်**

**❂ ပမာဏများသော ထိုလျှပ်စစ်စွမ်းအင်သုံး EV ယာဉ်များ ပြည့်ဝစွာ လျှပ်စစ်စွမ်းအင်ရယူ အသုံး ပြုနိုင်ရေးနှင့် လျှပ်စစ်စွမ်းအား တိုးချဲ့ဖြည့်ဆည်း ထုတ်လုပ်ကြရာတွင် ကူညီပံ့ပိုးမှုရအောင် နောက်တစ်ဆင့်တက်ကာ EV စွမ်းအင်သုံးယာဉ်များကို EV - Solar Hybrid ယာဉ်များ၊ Fully Solar ယာဉ်များအနေဖြင့် အောင်မြင်စွာ တီထွင်သုတေသနပြု ဖော်ဆောင်ပေးလာနိုင်ကြပြီဖြစ်**

မကြာတော့မည့်ခေတ် ၂၀၂၂-၂၀၂၅ ခုနှစ် ကာလခန့်အတွင်း ကမ္ဘာ့နိုင်ငံတိုင်း၌ လတ်တလော သုံးစွဲနေကြသည့် ICE အင်ဂျင်စွမ်းအင်အစား EV စွမ်းအင်သုံး ယာဉ်များကိုသာ သုံးစွဲလာကြတော့မည်ဖြစ်ပါသည်။

ပမာဏများသော ထိုလျှပ်စစ်စွမ်းအင်သုံး EV ယာဉ်များ ပြည့်ဝစွာ လျှပ်စစ်စွမ်းအင်ရယူအသုံးပြုနိုင်ရေးနှင့် လျှပ်စစ်စွမ်းအား တိုးချဲ့ဖြည့်ဆည်း ထုတ်လုပ်ကြရာတွင် ကူညီပံ့ပိုးမှုရအောင် နောက်တစ်ဆင့်တက်ကာ EV စွမ်းအင်သုံးယာဉ်များကို EV – Solar Hybrid ယာဉ်များ၊ Fully Solar ယာဉ်များအနေဖြင့် အောင်မြင်စွာ တီထွင်သုတေသနပြု ဖော်ဆောင်ပေးလာနိုင်ကြပြီ ဖြစ်ပါသည်။

### စုပေါင်းစွမ်းအားဖြင့်


ပမာဏများပြားလာမည့် EV ယာဉ်များနှင့် ဦးရေများစွာ အစဉ်အဆက်တိုးလာနေမည့် လူသားများ၏ စားဝတ်နေရေး၊ စိုက်ပျိုးမွေးမြူရေး၊ စက်မှုလုပ်ငန်းများ အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်ပေးနိုင်ရေးနှင့် အထွေထွေလိုအပ်သမျှအားလုံးကို ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် လျှပ်စစ်စွမ်းအင် လိုအပ်ချက်ကို စွမ်းဆောင်ဖော်ဆောင်ပေးနိုင်ပြီး လျော့နည်းပျောက်ကွယ်မှုမရှိစေဘဲ ကမ္ဘာသူကမ္ဘာသားများအတွက် ထာဝရခိုင်မြဲစွာတည်ရှိနေမည့် နေရောင်ခြည်အား စွမ်းအင်ကို စုပေါင်းစွမ်းအားဖြင့် မြန်မာပြည်တစ်လွှားတိုင်းနှင့်ပြည်နယ်အသီးသီး၏ နေရာအနှံ့အပြားတွင် တစ်ဦးချင်းတစ်ဖွဲ့ချင်း၊ အဖွဲ့အစည်းအသီးသီး၊ ဝန်ကြီးဌာနအသီးသီးတို့က စုပေါင်းဖန်တီးကာ အချိန်တိုကာလအတွင်းထိရောက်စွာ ဖော်ဆောင်ရမည် ဖြစ်ပါသည်။

နေရောင်ခြည်အားစွမ်းအင် ( Solar Power) ကို အစားထိုးသုံးစွဲနိုင်ကြရေး ဆောင်ရွက်လာနေကြသည်နှင့်အမျှ လယ်ယာစိုက်ပျိုးရေး(ရေသွင်း-ထွန်ယက်-ရိတ်သိမ်း-အခြောက်ခံ)၊ မွေးမြူရေး (အစာ-အကောင်ဖောက်-ကြီးထွားစေရန်)၊

စာမျက်နှာ ၁၇ သို့



နေရောင်ခြည်အားစွမ်းအင်သုံး ရေတင်ပန့်။




အီလက်ထရွန်နစ်ယာဉ်များကို အားဖြည့်ရန် သရုပ်ပြပုံ။

# အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီဖြန့်ဖြူးရောင်းချမှု အစီအစဉ်

**နေပြည်တော်  ဖေဖော်ဝါရီ  ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ ၃၄ သန်းဖြင့် စက်သုံးဆီမှာယူတင်သွင်းခဲ့သည့်ကုမ္ပဏီ ၂၆ ခုမှ ဒီဇယ်ဆီဂါလန် ၁၂ ဒသမ ၅၄ သန်းခန့်ကို အထူးဈေးနှုန်းဖြင့် ဇန်နဝါရီ ၁၁ ရက်မှစတင်၍ ရောင်းချပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် ကုမ္ပဏီ ၁၈ ခုမှ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း ၃၆၃ ဆိုင်တွင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် စက်သုံးဆီအရောင်းဆိုင်များတွင် ဒီဇယ်ဆီများကို မြန်မာရေနံနှင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး နေ့စဉ် ဒီဇယ်ဆီဈေးနှုန်းများအား မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၏ www.mpta.org.mm တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် ဒီဇယ်ဆီများကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီ အရောင်းဆိုင်များတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၁၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

**တိုင်းဒေသကြီး／ပြည်နယ်များတွင် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းစာရင်း**

၁၁-၂-၂၀၂၂

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ရောင်းချသည့် ဆိုင်အရေအတွက် |
|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၉၄ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၇၇ |
| ၃ | နေပြည်တော် | ၁၂ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၄၂ |
| ၅ | မကွေးတိုင်းဒေသကြီး | ၁၄ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၆ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၂ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | ၃၀ |
| ၉ | ကချင်ပြည်နယ် | ၅ |
| ၁၀ | ကရင်ပြည်နယ် | ၃ |
| ၁၁ | မွန်ပြည်နယ် | ၃၁ |
| ၁၂ | ရခိုင်ပြည်နယ် | ၉ |
| ၁၃ | ရှမ်းပြည်နယ် | ၂၈ |
| | စုစုပေါင်း | ၃၆၃ |

## ညောင်ရွှေမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် Talk Show အစီအစဉ်ဆောင်ရွက်




**ညောင်ရွှေ  ဖေဖော်ဝါရီ  ၁၁**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် Talk Show အစီအစဉ်ရိုက်ကူးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညောင်ရွှေမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညောင်ရွှေမြို့နယ် ဒုတိယဦးစီးမှူး ဒေါ်နန်းဆွေဆွေအေးက Talk Show အစီအစဉ်ရိုက်ကူးတင်ဆက်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ညောင်ရွှေမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ကဗျာဆရာ ဦးခင်မောင်မြ(ညောင်ရွှေခင်မောင်မြ)က ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာ ခေါင်းစဉ်နှင့် ၎င်းရေးသားထားသည့် ပြည်ထောင်စုအိမ်ကြီး ကဗျာကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေမျိုးသူရိန်က ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် မျက်မှောက်ခေတ် အခြေအနေများအကြောင်းကို လည်းကောင်း အသီးသီးတင်ဆက် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

*စာမျက်နှာ ၁၆ မှ*

အိမ်တွင်းမှုလုပ်ငန်း၊ စုပေါင်းအိမ်တွင်းမှုလုပ်ငန်း (ရက်ကန်း၊ ချုပ်စက်ဖြင့် အဝတ်ချည်ထည်ထုတ်လုပ်)၊ အသေးစား/အလတ်စား/အကြီးစားစက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် တိုးတက်များပြားလာသော အိမ်ထောင်စုအသစ်များအတွက် မီးလင်းရေး/အိမ်တွင်းလျှပ်စစ်စွမ်းအားသုံးပစ္စည်းများဖြစ်သော ရေခဲသေတ္တာ၊ ချက်ပြုတ်မီးဖို၊ လေအေးပေးစက်၊ ပန်ကာစသည်တို့ သုံးစွဲနိုင်ကြရေးအတွက် များပြားစွာလိုအပ်လာမည့် စွမ်းအင်စွမ်းအားကို နေရောင်ခြည်အားစွမ်းအင်ဖြင့် ဖြည့်ဆည်းပေးနိုင်ရန် သုတေသနပညာရှင်များက တီထွင်ဖန်တီးပေးထားသည့် အခွင့်အလမ်းကောင်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်အောင် ထိရောက်စွာ ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရပါမည်။

### အောင်မြင်မှုရလဒ်ဖြစ်လာမည်

တိုင်းပြည်အတွက်လိုအပ်သော လျှပ်စစ်စွမ်းအား ပြည့်ပြည့်ဝဝအစဉ်ရရှိနိုင်ရေးအတွက် နေရာတိုင်းတွင် နေရောင်ခြည်အားစွမ်းအင်ဖြင့် အစားထိုးမှုအောင်မြင်စွာ လုပ်ဆောင်လာနိုင်ကြမည်ကို ဝမ်းသာအားရစွာဖြင့် ကြိုဆိုကာ မြန်မာပြည်နေရာအနှံ့အပြားတွင် စုပေါင်းအင်အားဖြင့် နေရောင်ခြည်အားစွမ်းအင် (Solar Power) ကို ဝါယမစိုက်ထုတ်အသုံးပြုနိုင်အောင် အကောင်အထည်ဖော်ပေးနိုင်ပါက ထိရောက်သော ကြိုးပမ်းမှု၏ အောင်မြင်မှုရလဒ်ဖြစ်လာမည် ဖြစ်သဖြင့် တစ်ဦးချင်းတစ်အိမ်ချင်းကအစပြုကာ တိုင်းရင်းသားပြည်သူများအားလုံးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျရာအခန်းမှ အားထည့်စွမ်းဆောင်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။




နေရောင်ခြည်အားစွမ်းအင်ဖြင့် ရေတင်ပန့်လည်ပတ်၍ ရေတင်ထားစဉ်။

တစ်ယောက်အားတစ်ဖွဲ့အားနဲ့ မရနိုင်သည်ကို ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးက စုပေါင်းအားဖြင့် ကျရာနေရာမှ ဝါယမစိုက်ထုတ် ဖော်ဆောင်နိုင်ကြခြင်းဖြင့် အချိန်တိုအတွင်း လူတိုင်းအိမ်တိုင်း၊ အဖွဲ့အစည်းတိုင်း၊ လုပ်ငန်းတိုင်းအတွက် မကြောင့်မကြ မတောင့်မတဖြစ်စေမည့် နေရောင်ခြည်အား စွမ်းအင်စနစ်များ သုံးစွဲခြင်းကို အကောင်အထည်ဖော်နိုင်ကြခြင်းဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေရောင်ခြည်အား စွမ်းအင် (Solar Power)ကို အလေးထားဖော်ဆောင်ကြပါစို့ဟု ဟစ်ကြွေးရင်း “စိန်ရတုပြည်ထောင်စုနေ့”ကို ဂုဏ်ပြုလိုက်ရပါသည်။ ။





အိန္ဒိယနိုင်ငံ၌ နေရောင်ခြည်အားစွမ်းအင်ကို ထွန်စက်များတွင် အသုံးပြုထားစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ ဟန်ဝင်းထွန်းသည် ၎င်းအသုံးပြုသည့် “Han Win Htun” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်နေ ဝတ်မှုံထွန်းသည် ၎င်းအသုံးပြုသည့် “Poineer Sushi Halal Food” Facebook Page၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်နေ အကောင့်ပိုင်ရှင်(စိစစ်ဆဲ) သည် ၎င်းအသုံးပြုသည့် “KYAL Unifrom” Facebook Page၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ သုတအောင်သည် ၎င်းအသုံးပြုသည့် “Thuta Aung” Facebook အကောင့်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်နေ သက်ထွန်းကျော်သည် ၎င်းအသုံးပြုသည့် “သက်ထွန်းကျော်” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် ကျွန်းသစ်၊ ကျောက်စိမ်းအရိုင်းတုံး၊ စားသောက်ကုန်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သထုံခရိုင် ကျိုက်ထိုမြို့နယ်အတွင်း တရားမဝင်ကျွန်းသစ် ၁ ဒသမ ၈၂၃၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၇၀၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အပြင် ဖေဖော်ဝါရီ ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ အကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျဌာနဆိုင်ရာအဖွဲ့များသည် ကင်းလှည့်စစ်ဆေးစဉ် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော လူသုံးကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၅၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော Toyota Isis လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်းဖိုးငွေကျပ် ၄၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၆၅၀၀၀ အား ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဖေဖော်ဝါရီ ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့မှ ဝေါမြို့နှင့် ရွှေသံလွင် Toll Gate အကြား ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်တင်သွင်းလာသော စားသောက်ကုန်နှင့် အချိုရည်မျိုးစုံ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၉၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၁၁ ရက်တွင် ပဲခူးတိုင်းဒေသကြီးသစ်တောဦးစီးဌာနကဦးဆောင်၍ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပဲခူး၊ တောင်ငူနှင့် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်မျိုးစုံ ၇ ဒသမ ၆၀၉၆ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၉၆၃၄၀ အား ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဖေဖော်ဝါရီ ၁၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၊ အကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့မှ ရှောင်တခင်စစ်ဆေးရာ Honda Airwave Station Wagon အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀ နှင့် ခရီးသည်တင် မှန်လုံယာဉ်ပေါ်မှ အချိုရည်ဖာ ၁၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀ စုစုပေါင်း အမှုတွဲနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၀၀၀၀၀ ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဖေဖော်ဝါရီ ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့မှ သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ကင်းလှည့်စစ်ဆေးစဉ် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော အိန္ဒိယနိုင်ငံထုတ် ဂျုံမှုန့်အိတ် ၂၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ကျောက်စိမ်းအရိုင်းတုံး ၅၉၇ ဒသမ ၅၀ ဂရမ် ခန့်မှန်းတန်ဖိုး စိစစ်ဆဲကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၇၉၆၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အကြမ်းဖက်အဖွဲ့က အဆိုပါတံတား၏အလယ် ပေ ၂၀ ခန့်အကွာမှ လက်လုပ်မိုင်း တစ်လုံး၊ တံတားနှင့် ၈ ပေခန့်အကွာ သံလမ်းမှ လက်လုပ်မိုင်း နှစ်လုံးတို့ တစ်ပြိုင်တည်းဖောက်ခွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် မီးရထားသံလမ်းဇလီဖားတုံး ၁၁ တုံး ပျက်စီးခဲ့သဖြင့် မီးရထားများဖြတ်သန်းသွားလာခြင်းများ ရပ်ဆိုင်းထားခဲ့ရသည်။

ထိုကဲ့သို့ လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရန် ရည်ရွယ်လျက် ရထားသံလမ်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မုပ္ပလင်ဘူတာရုံပိုင်ကြီး ဦးစောနန်း ဦးစီးအဖွဲ့က မီးရထားများ ပြန်လည်သွားလာနိုင်ရေးအတွက် ပျက်စီးသွားသော ဇလီဖားတုံးများအား လဲလှယ်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့ကရိတ်မြို့နယ်၌ ၂၂ ဘီးယာဉ် ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ ဖေဖော်ဝါရီ ၁၀ ရက်တွင် မော်တော်ယာဉ်တစ်စီး ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နံနက် ၁၀ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မလွကုန်းမီးရထားဝင်းနေ ဖွဲမင်းဟိန်း(၂၅နှစ်)မောင်းနှင်ပြီး ကုန်မျိုးစုံ တင်ဆောင်ထားသည့် 3G/xxxx ၂၂ ဘီးယာဉ်သည် မြဝတီမြို့ဘက်မှ ကော့ကရိတ်မြို့ဘက်သို့ မြဝတီ-ကော့ကရိတ်အာရှလမ်းအတိုင်း ထွက်ခွာလာစဉ် ကော့ကရိတ်မြို့နယ် နတ်စင်ကွေ့အနီး ကီလိုမီတာ(၁၅၃-၁၅၄)ကြား အရောက်၌ ယာဉ်ဦးခေါင်းပိုင်းမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ ကော့ကရိတ်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် သွားရောက် ငြိမ်းသတ်ရာ တစ်နာရီခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ယာဉ်နှင့် ကုန်ပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ်သိန်း ၈၀၀ ခန့် ပျက်စီး



ဆုံးရှုံးခဲ့သောကြောင့် ဖွဲမင်းဟိန်းအား ကော့ကရိတ်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ထိရောက်အကျိုးရှိသည့် သင်တန်းတစ်ခုဖြစ်ဖို့ရာ...

ဒေါက်တာခိုင်ခိုင်ဝင်း

**လူတိုင်းမဟုတ်သော်ငြား လူအများစုသည် ဘဝတွင်သင်တန်းတစ်ခု (သို့) တစ်ခုထက်ပိုသော သင်တန်းများကို တက်ရောက်ဖူးကြသူများ ဖြစ်ပါသည်။ သင်တန်းဆိုရာတွင် အသိပညာရပ်ဆိုင်ရာ သင်တန်း၊ သက်မွေးပညာသင်တန်း၊ အတတ်ပညာရပ်ဆိုင်ရာသင်တန်း၊ ဘာသာစကားသင်တန်း စသည်ဖြင့် သင်တန်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုး ရှိပါသည်။ ကာလတိုဖြစ်စေ၊ ကာလရှည်ဖြစ်စေ၊ အချိန်ပိုင်းဖြစ်စေ သင်တန်းဟု ဆိုလိုက်သည်နှင့် အဆိုပါ သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ရှိပြီး ဖြစ်ပါသည်။ သင်တန်းသားများတွင် မရှိသေးသောအသိပညာ၊ ဗဟုသုတ၊ အတတ်ပညာရပ်၊ စွမ်းရည်များရှိလာစေရန် ( Capacity Building) နှင့် အသိပညာ၊ အတတ်ပညာ စွမ်းရည်ရှိပြီးသူများဖြစ်ပါကလည်း ရှိပြီးသား စွမ်းရည်များ ပိုမိုမြင့်တက်လာစေရန် ( Capacity Enhancing) ရည်သန်လျက် သင်တန်းများဖွင့်လှစ်ကြခြင်း ဖြစ်ပါသည်။**

သင်တန်းတစ်ခု ဖွင့်လှစ်မည်ဆိုပါက သင်တန်းကာလ၊ ပို့ချမည့်အကြောင်းအရာ၊ သင်ထောက်ကူပစ္စည်းများ၊ သင်တန်းတွင်ပို့ချမည့်သူများ၊ ပို့ချမှုကို ခံယူမည့်သူများ၊ သင်တန်းနေရာ၊ သင်တန်းကြေး စသည်ဖြင့် ကဏ္ဍအစုံစုံ ပါဝင်လာပါသည်။

### ပို့ချမည့်သူ၏တာဝန်

ထိရောက်အကျိုးရှိသော သင်တန်းတစ်ခု ဖြစ်ဖို့ရာ သင်တန်းတစ်ခုတွင် ပို့ချမည့်သူ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။ ပို့ချမှုကို ခံယူကြမည့် သင်တန်းသားများအနေဖြင့် ပို့ချသူက ပို့ချမည့်ဘာသာရပ်နှင့် မည်သို့ပို့ချမည်ကို စိတ်ဝင်စားလေ့ရှိပါသည်။ ပို့ချမည့်သူ၏ ပို့ချမှုစွမ်းရည်အလိုက် ဘာသာရပ်အပေါ် စိတ်ဝင်စားမှု အနည်းအများ ကွာဟစေသည်လည်းဖြစ်ရာ ပို့ချသူသည် မိမိသင်ကြား ပို့ချမည့်ဘာသာရပ်တွင် ကျွမ်းကျင်နှံ့စပ်မှုရှိရန်နှင့် ပို့ချမှုကိုစိတ်ဝင်စားစေမည့် ပို့ချမှုပုံစံများ ပြင်ဆင်ထားရန်လိုအပ်သလို မိမိသင်ကြားပို့ချခွင့်ရရှိသည့် အချိန်ပေါ်မူတည်ပြီး ဘာသာရပ်ကို ရှိုးရှင်းနားလည်လွယ်အောင် ပြင်ဆင်ထားရန် လိုအပ်ပါသည်။ မိမိပို့ချမည့်ဘာသာရပ်နှင့် စပ်လျဉ်းပြီး သင်တန်းသားများထဲတွင် ကြိုတင်လေ့လာထား၊ ဖတ်ရှုထားသူများ ပါဝင်လာနိုင်သည်ဟု ယူဆခန့်မှန်းကာ ဘာသာရပ်ကိုပြင်ဆင်ထားရန် လိုအပ်ပါသည်။ မိမိသင်မှ တတ်ကြမည့်သူများဟု လုံးဝမယူဆထားဘဲ မိမိထက်ပို၍ ဘာသာရပ်ကို သိရှိထားသူများပါ ပါလာနိုင်သည်ဟုယူဆ (Assume) လုပ်ကာ ဘာသာရပ်ကို ပြင်ဆင်မှု ပြုလုပ်ရပါမည်။

ဘာသာရပ်နှင့် စပ်လျဉ်းသည့်နောက်ဆုံး သတင်းအချက်အလက်များ ရနိုင်သမျှရရှိအောင် ကြိုတင် လေ့လာထားရမည်လည်း ဖြစ်ပါသည်။ ဘာသာရပ် ပြင်ဆင်ပြီးနောက် ပို့ချမှုစတိုင်ကိုလည်း ရွေးချယ်ရပါမည်။ မိမိသည် ပို့ချသူဖြစ်သော်လည်း မိမိ ကိုယ်တိုင်ပို့ချမှုကို ခံယူရသူဖြစ်ပါက မည်သို့သော စတိုင်ဖြင့် ပို့ချမှုကိုကြိုက်နှစ်သက်ပါသနည်းဟု မိမိနှင့်နှိုင်းယှဉ်ပြီး ပို့ချမည့်စတိုင်ပြင်သင့်ပါသည်။ အများအားဖြင့် ရှင်းရှင်းလင်းလင်း တက်ကြွစွာဖြင့် မိမိသင်ကြားမည့် ဘာသာရပ်နှင့်စပ်လျဉ်းပြီး ယုံကြည်မှုအပြည့်ရှိသည့် မျက်နှာဖြင့် သင်ကြားပို့ချခြင်းကို သင်တန်းသားများ ကြိုက်နှစ်သက်ကြပြီး ဘာသာရပ်အပေါ် စိတ်ဝင်စားမှု ပိုမိုရရှိစေပါသည်။ ဟာသဉာဏ်ရှိပါက သင်ကြားမှုတွင် ပိုမိုထိရောက်သည်လည်း ဖြစ်ပါသည်။ ဟာသဉာဏ်ရွှင်သည့်၊ ဖြတ်ထိုးဉာဏ်ကောင်းသည့် ပို့ချသူများသည် အများအားဖြင့် သင်ကြားမှုတွင် အောင်မြင်တတ်ကြပါသည်။ ဆန့်ကျင်ဘက်အားဖြင့် ဘာသာရပ်အနေဖြင့် စိတ်ဝင်စားဖွယ်ကောင်းသည့် ဘာသာရပ်ဖြစ်သော်လည်း ပို့ချမှုစတိုင်သည် လေးပင်စွာဖြင့် စာများသာဖတ်သွားသည့် ပို့ချမှုပုံစံဖြစ်ပါက ဘာသာရပ်၏ အနှစ်သာရ ပျောက်ဆုံးကာ သင်တန်းသားများ၏ စိတ်ဝင်စားမှုကို ရရှိနိုင်မည်မဟုတ်ပါ။ ထိရောက်အကျိုးရှိသည့် ပို့ချမှုပုံစံမဟုတ်ပါ။ အသိပညာ၊ အတတ်ပညာများကို သေချာစွာ၊ တိကျရှင်းလင်းစွာ၊ ပွင့်လင်းစွာ၊ ပိုင်နိုင်စွာ ပို့ချနိုင်သူရှိမှသာလျှင် ပို့ချမှုကို ခံယူသည့်ဘက်မှ တိကျမှန်ကန်သော အသိပညာ၊ အတတ်ပညာများကို ရှင်းလင်းစွာ သိရှိနားလည်နိုင်မည် ဖြစ်ပါသည်။ ပို့ချသူဘက်မှ မိမိပို့ချသည့်ဘာသာရပ်ကို ပိုင်နိုင်ကျွမ်းကျင်စွာ မပို့ချနိုင်ပါက အဆိုပါသင်တန်းအချိန်တစ်ခုသည် အဟောသိကံ ဖြစ်ရပေမည်။ သင်တန်းသားများ ဘာသာရပ်နှင့်စပ်လျဉ်းပြီး ပိုမိုသိရှိနားလည်လွယ်ရန်နှင့် ဘာသာရပ်နှင့်စပ်လျဉ်းပြီး ၎င်းတို့၏ မူလပထမအတွေးအခေါ်အယူအဆများရှိပါကလည်း ဖွင့်ထုတ်လာစေရန်အတွက် သင်တန်းသားအချင်းချင်း (သို့မဟုတ်) ပို့ချသူနှင့် သင်တန်းသားများအကြား အပြန်အလှန်ဆွေးနွေးသည့် ပုံစံများဖြင့် ဆွေးနွေးမှုများ ပြုလုပ်ပေးရန် လိုအပ်တတ်သည်လည်းဖြစ်ရာ အပြန်အလှန် ဆွေးနွေးနိုင်မည့် စကားပြောစွမ်းရည်၊ ပါးနပ်မှု၊ ဦးဆောင်ဆွေးနွေးနိုင်မှု စသည့်ဘာသာရပ်နှင့် မဆိုင်သည့် အခြားသော အရည်အချင်းများလည်း ပို့ချသူတွင် ရှိရန်လိုအပ်ပါသည်။ သို့မှသာ ပို့ချမှုကို ခံယူသူများဘက်မှ ပို့ချသူအပေါ် ယုံကြည်မှု၊ ပို့ချသူ၏ ဘာသာရပ်အပေါ် သိမြင်နှံ့စပ်မှုအပေါ် ယုံကြည်မှုများရှိကာ ပို့ချသည့် ဘာသာရပ်အပေါ် ပိုမိုစူးစိုက်အာရုံစိုက်မိကာ အကျိုးရှိသည့် သင်တန်းချိန်၊ အကျိုးရှိသည့် ပို့ချမှု၊ အကျိုးရှိသည့် သင်တန်းဖြစ်လာမည်ဖြစ်ပါသည်။ ထိရောက်အကျိုးရှိသော သင်တန်းတစ်ခုဖြစ်ဖို့ရာ ပို့ချသူသည် ၎င်းပို့ချမှုဘာသာရပ်အပေါ် သိမြင်နှံ့စပ် ကျွမ်းကျင်မှုရှိရမည်သာမက ပို့ချမှုခံယူသူများ၏ရင်ထဲတွင် ဘာသာရပ်နှင့်သက်ဆိုင်သည့် အရေးပါ၊ အရေးကြီးသည့် အချက်များကို တစ်ချိန်တည်းတွင် မှတ်မိသိရှိသွားနိုင်အောင် ပို့ချနိုင်သည့် အရည်အချင်းများ ရှိရမည်လည်း ဖြစ်ပါသည်။



**❑ နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံတော်၏ အားအဖြစ်ရှိနေကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။ Life Long Learning ဟု ဆိုကြသည့်အတိုင်း အသိပညာ၊ အတတ်ပညာများ လေ့လာဆည်းပူးရန်အတွက် အချိန်ကန့်သတ်ချက်မရှိပါ။ မိမိ အရည်အချင်းအတွက် မိမိကိုယ်တိုင် နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးစားအားထုတ်မှု လိုအပ်သည်လည်းဖြစ်ရာ သင်တန်းများတက်ရောက်ခြင်းသည် နည်းလမ်းတစ်ခုဖြစ်**

ပို့ချသူဗဟိုပြု ပို့ချနည်း မဟုတ်ဘဲ ပို့ချမှုကို ခံယူသူ ဗဟိုပြု ပို့ချဆွေးနွေးမှုရှိမှသာ ထိရောက်အကျိုးရှိသည့် သင်တန်းဖြစ်လာမည် ဖြစ်ပါသည်။ အရေးကြီးဆုံးအချက်မှာ ပို့ချသူနှင့် ပို့ချမှုကိုခံယူသူများအကြား အပြန်အလှန်လေးစားမှုပင် ဖြစ်ပါသည်။ လေးစားမှုကို အခြေခံသည့် သင်ကြားမှုစနစ်တည်ဆောက်နိုင်ခြင်းသည် ပို့ချမှုကို ပိုမိုစိတ်ဝင်စားစေသည့်၊ အောင်မြင်စေသည့် အချက်များထဲမှ တစ်ချက်ဖြစ်ပါသည်။ သင်တန်းတစ်ခုတွင် ပို့ချမှုပြီးမြောက်သွားပြီဟု ကျေနပ်စွာဆိုနေခြင်းထက် မိမိသင်ကြားမှုကို သင်တန်းသားဦးရေ မည်မျှက နားလည်သွားကြသည်။ တတ်မြောက်သွားကြသည်ကိုသာ အလေးပေးစဉ်းစားရမည်ဖြစ်ပါသည်။

### ပို့ချမှုကိုခံယူသူ၏တာဝန်

ပို့ချသူဘက်မှ ပိုင်နိုင်ကျွမ်းကျင်စွာ ပို့ချနိုင်စေကာမူ ပို့ချမှုကို ခံယူသူများဘက်မှ လေးစားစွာနာခံသင်ယူမှုမရှိလျှင်၊ ကြိုးစားအားထုတ်မှုမရှိလျှင် ပေးကားပေး၏မရ ဆိုသည့်အတိုင်း ပညာရပ်များ အဟောသိကံ ဖြစ်ပေမည်။ ထိရောက်အကျိုးရှိသော သင်တန်းတစ်ခုဖြစ်ဖို့ရာ ပို့ချသူဘက်မှ တာဝန်ရှိသလို ပို့ချမှုခံယူသူဘက်မှလည်း တာဝန်ရှိပေသည်။ ပို့ချသူဘက်က အချိန်ပေးပြီး ကောင်းစွာပြင်ဆင်လာခဲ့သည့် ဘာသာရပ်အပေါ် ကောင်းစွာသိရှိနားလည်လာနိုင်ရေး သင်တန်းချိန်အတွင်း အာရုံစူးစိုက်ကာ နားထောင်မှု၊ မိမိမရှင်းလင်းသည်များကို ရှင်းလင်းသွားစေရန် ပို့ချသူအား မေးမြန်းမှု၊ စည်းကမ်းရှိစွာ လေးစားစွာဖြင့် ပို့ချသူအား မေးခွန်းမေးမြန်းမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။

ဘာသာရပ်နှင့် မသက်ဆိုင်၊ မည်သည့်အကျိုးကျေးဇူးဗဟုသုတများ မရရှိနိုင်သည့် မေးခွန်းမျိုးအား မေးမြန်းခြင်းမှ ရှောင်ကြဉ်ရမည်လည်း ဖြစ်ပါသည်။ သင်တန်းချိန်အတွင်း ပို့ချသူအား အဂါရဝဖြစ်စေမည့် အပြုအမူများ မပြုလုပ်ရန်လည်း အရေးကြီးပါသည်။ အဓိကအားဖြင့် ပို့ချသည့် ဘာသာရပ်အပေါ် အာရုံစူးစိုက်ကာ အလေးထား လေ့လာမှတ်သားရန် ဖြစ်ပါသည်။ သို့မှသာလျှင် ပို့ချသူနှင့် ပို့ချမှုခံယူသူ နှစ်ဦးလုံးအတွက် တန်ဖိုးရှိသည့် သင်တန်းအချိန်များ ဖြစ်လာမည်ဖြစ်သလို ထိရောက်အကျိုးရှိသည့် သင်တန်းဖြစ်လာမည်လည်း ဖြစ်ပေသည်။ သင်တန်းတစ်ခု တက်ရောက်ပြီးပြီဟုဆိုခြင်းထက် အဆိုပါသင်တန်းမှ မိမိမည်မျှ လေ့လာသိရှိတတ်မြောက်ခဲ့သည်ဆိုသည်ကို အလေးပေးစဉ်းစားရပေမည်။

### နိုင်ငံအတွက်အားများ

သင်တန်းဟုဆိုရာတွင် အကြောင်းအရာအမျိုးမျိုး၊ ဘာသာရပ်အမျိုးမျိုး၊ အတတ်ပညာရပ်အမျိုးမျိုး စသည်ဖြင့် သင်တန်းများရှိရာတွင် မည်သည့်သင်တန်းမဆို သင်တန်း၏ ရည်ရွယ်ချက်များသည် တစ်ခုနှင့်တစ်ခု နီးစပ်တူညီကြပါသည်။ အရည်အချင်း ရရှိသွားစေရေး၊ ပညာရပ်တစ်ခု တတ်မြောက်ရေး၊ အရည်အချင်းများ ပိုမိုမြင့်တင်လာရေး စသည့် ရည်ရွယ်ချက်များဖြစ်ရာ သင်တန်းတစ်ခု ပြီးဆုံးသွားသည်နှင့် နဂိုမူလက မရှိခဲ့သည့် အရည်အချင်းများ ရှိလာခြင်း၊ မတတ်မြောက်ခဲ့သည့် ပညာရပ်များ တတ်မြောက်ခြင်း၊ နဂိုမူလထက် အရည်အချင်းများ ပိုမိုမြင့်တက်ပြည့်စုံလာခြင်းတို့ ဖြစ်လာရမည်ဖြစ်ပါသည်။ သို့မှသာလျှင် မိမိတက်ရောက်ခဲ့သည့် သင်တန်းသည် အကျိုးရှိထိရောက်သည့် သင်တန်းဖြစ်မည် ဖြစ်ပါသည်။ မည်သည့်သင်တန်းမဆို သင်တန်းအတွက် အချိန်၊ ငွေကြေး၊ လူ့စွမ်းအားများ ရင်းနှီးမြှုပ်နှံထားကြသည်ဖြစ်ရာ ထိရောက်အကျိုးရှိသည့် သင်တန်းများဖြစ်မှသာ ရင်းနှီးခဲ့ရသည့် အချိန်၊ ငွေကြေး၊ လူ့စွမ်းအားတို့သည် အချည်းနှီး မဖြစ်တော့ဘဲ တန်ဖိုးရှိသည့်အချိန်များ ဖြစ်လာမည်ဖြစ်ပါသည်။ သင်တန်းတစ်ခုအတွက် သင်တန်းသားအရေအတွက် မည်မျှတက်ရောက်ခဲ့သည်ဆိုခြင်းထက် အရည်အချင်းရှိသည်၊ အရည်အချင်းပြည့်မီသည့် သင်တန်းသားဦးရေ မည်မျှထွက်ပေါ်လာသည်ကသာ အရေးကြီးပါသည်။

နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံတော်၏ အားအဖြစ်ရှိနေကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။ Life Long Learning ဟု ဆိုကြသည့်အတိုင်း အသိပညာ၊ အတတ်ပညာများ လေ့လာဆည်းပူးရန်အတွက် အချိန်ကန့်သတ်ချက်မရှိပါ။ မိမိအရည်အချင်းအတွက် မိမိကိုယ်တိုင် နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးစားအားထုတ်မှု လိုအပ်သည်လည်းဖြစ်ရာ သင်တန်းများ တက်ရောက်ခြင်းသည် နည်းလမ်းတစ်ခုဖြစ်ပါသည်။ သင်တန်းများတွင် ပို့ချခွင့်ရှိသူသည်လည်း Life Long Learning ဆိုသည့်အတိုင်း မိမိသင်ကြားပို့ချရမည့် ဘာသာရပ်နှင့် စပ်လျဉ်းပြီး အမြဲလိုစဉ်ဆက်မပြတ် လေ့လာဆည်းပူးရန်လိုအပ်ပါသည်။

နည်းအမျိုးမျိုးဖြင့် ကဏ္ဍအစုံ၊ နယ်ပယ်အစုံတွင် သင်တန်းအမျိုးမျိုး ဖွင့်လှစ်လျက်ရှိကြရာတွင် အကျိုးရှိထိရောက်မှုရှိသည့် သင်တန်းများဖြစ်ရန် ပို့ချသူနှင့် ပို့ချမှုကိုခံယူသူများ နှစ်ဦးနှစ်ဖက် ကြိုးစားရန် လိုအပ်ပါသည်။ သို့မှသာ အရည်အချင်းပြည့်ဝသည့် သင်တန်းသားများ ထွက်ပေါ်လာပြီး နယ်ပယ်အစုံ၊ ကဏ္ဍအစုံတွင် ၎င်းတို့၏ အရည်အသွေး၊ အရည်အချင်းများကို အသုံးချနိုင်မည်ဖြစ်ပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ထောင့်တစ်နေရာမှ အားအဖြစ် ပါဝင်ဖြည့်ဆည်းပေးနိုင်မည်လည်း ဖြစ်ပါသည်။

ထိရောက်အကျိုးရှိသည့် သင်တန်းများပိုမိုဖြစ်ပေါ်လာစေရေးနှင့် နိုင်ငံအတွက် နယ်ပယ်အစုံတွင် အားထားရသည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာနိုင်ရေး ရည်ရွယ်ရေးသားပါသည်။ ။

# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လားရှိုးမြို့ ခိုလောင်းလမ်း ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းနှင့် ကျောက်မဲမြို့အဝင် မုခ်ဦးဖွင့်ပွဲပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ခိုလောင်းလမ်း ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက နိုင်လွန်ကတ္တရာလမ်း လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်လွန်ကတ္တရာလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(ယာပုံ)**လမ်းသစ်အား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ခိုလောင်းနိုင်လွန်ကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၇၃၀၊ အကျယ် ၂၂ ပေရှိပြီး ရှမ်းပြည်နယ်အစိုးရနှင့် ပြည်သူများ၏ စုပေါင်းလှူဒါန်း ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော်ဖြင့် ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

အလားတူ ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့တို့မှ ဆောက်လုပ်သည့် ကျောက်မဲမြို့အဝင် မုခ်ဦးဖွင့်ပွဲကို ပြုလုပ်ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ တအောင်းပလောင် ယဉ်ကျေးမှုအဖွဲ့နှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ ပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် မြို့နယ်အသီးသီးမှ ပြည်သူများက ကျောက်တံတားမြို့နယ် အမှတ် (၁) ရပ်ကွက် မဟာဗန္ဓုလပန်းခြံအနီး၌ နိုင်ငံတော်အလံနှင့် တပ်မတော်အလံများ ကိုင်ဆောင်၍"တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှ အရေးကြီးကြောင်း" စာသားပါဆိုင်းဘုတ်ကို စိုက်ထူကာ "ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး" ကြွေးကြော်သံများ ကြွေးကြော်ခြင်း ထောက်ခံပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ဟောပြောခြင်းများဖြင့် အေးချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပဲခူး၌ သစ်သီးဝလံပန်းမန်၊ ပြခန်းများ၊ ပြပွဲ/ပြိုင်ပွဲနှင့် မြန်မာ့တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချပွဲကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၁**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သစ်သီးဝလံပန်းမန်၊ ပြခန်းများ၊ ပြပွဲ/ပြိုင်ပွဲနှင့် မြန်မာ့တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းမှစ၍ ပဲခူးမြို့ ရွှေမော်ဓောဘုရား ယာဉ်ရပ်နားဝင်းတွင် ကျင်းပလျက်ရှိသည်။

အဆိုပါရောင်းချပွဲတွင် ပဲခူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က ဦးဆောင်ကြီးကြပ်၍ ပဲခူးခရိုင်ကိုယ်စားပြုအနေဖြင့် ပဲခူးမြို့နယ်ထွက်ပစ္စည်းများ၊ ကဝဒေသထွက် ဒန်ဖြင့်ပြုလုပ်ထားသည့် အိမ်သုံးပစ္စည်းများ၊ မုန့်မျိုးစုံများ၊ ကျောက်တံခါးဒေသထွက် ဝါးဖြင့်ပြုလုပ်ထားသည့် လူသုံးကုန်ပစ္စည်းများ၊ နွားနို့ချဉ်များ၊ ညောင်လေးပင်ဒေသထွက် ဖျော်ရည်မျိုးစုံများ၊ မြေအိုး၊ မြေခွက်များ၊ ဒိုက်ဦးဒေသထွက် ငါးရံ့ခြောက်များ၊ ကွာစေ့လှော်များ၊ ရွှေကျင်ဒေသထွက် ယိုမျိုးစုံများ၊ ဈေးနှုန်းချိုသာစွာဖြင့် ခင်းကျင်းပြသရောင်းချပေးလျက်ရှိရာ ပွဲတော်သို့ လာရောက်သည့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများဖြင့် ဝယ်ယူစည်ကားလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၄/ ၂၀၂၂) ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင် သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈) ခု၊ အပတ်စဉ်တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ သင်တန်းအပတ်စဉ် (၄/ ၂၀၂၂) အား (၂၁-၂-၂၀၂၂)ရက်နေ့မှ (၃၁-၃-၂၀၂၂)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်
  စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွာငံ)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊
  အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရွာငံမြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

ယခုအပတ် ပရီမီယာလိဂ် ပွဲစဉ် (၂၅) မှာ မန်ယူက ဆောက်သမ်တန်၊ နယူးကာဆယ်က အက်စ်တွန်ဗီလာ၊ စပါးက ဝုဖ်၊ လက်စတာက ဝက်စ်ဟမ်းအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းရရှိသွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## ဖိအားတွေအောက်က ရုန်းထွက်လာမယ့်လက်စတာ ဝက်စ်ဟမ်းကို ကျော်ဖြတ်နိုင်မလား

### လက်စတာ VS ဝက်စ်ဟမ်း

13–02–2022 | Game Week 25 | KO 23:00

လက်စတာအသင်းက ပြီးခဲ့တဲ့ပွဲမှာ နော်တင်ဟမ်ကို ရှုံးပြီး အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခဲ့ရတယ်။ နောက်ဆုံးလေးပွဲမှာလည်း နိုင်ပွဲပျောက်ဆုံးထားတာကြောင့် ယခုပွဲစဉ်မှာတော့ နိုင်ပွဲရရှိရေး ခြေကုန်ထုတ်လာမှာပါ။ ဝက်စ်ဟမ်းအသင်းက အက်ဖ်အေဖလားပြိုင်ပွဲမှာ နောက်တစ်ဆင့်တက်လှမ်းထားနိုင်သလို ပြီးခဲ့တဲ့ပွဲစဉ်မှာလည်း ဝက်ဖို့ဒ်ကို အနိုင်ရရှိထားတယ်။ လက်စတာ နိုင်ပွဲရရေး ဦးတည်လာမှာဖြစ်ပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်ရရေးကြိုးစားနေတဲ့ ဝက်စ်ဟမ်းကို အနိုင်ရဖို့ မလွယ်ပါဘူး။



### မန်ယူ VS ဆောက်သမ်တန်

12–02–2022 | Game Week 25 | KO 19:00

မန်ယူအသင်းက နည်းပြရန်းနစ်ခ်လက်ထက်မှာ ခြေစွမ်းကောင်းမွန်လာတာ မှန်ပေမယ့် လိုအပ်တဲ့နိုင်ပွဲကိုတော့ ပြီးခဲ့တဲ့ နှစ်ပွဲမှာ ရယူနိုင်စွမ်းမရှိဘူး။ အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသလို ဇယားအောက်ဆုံးက ဘန်လေကိုလည်း သရေသာ ရရှိထားတယ်။ ဆောက်သမ်တန်က လတ်တလောမှာ ပုံစံကောင်းရရှိနေတယ်။ အဆင့် (၄) အတွင်းဝင်ဖို့ လက်ကျန်ပွဲစဉ်တွေကို အမှားခံလို့မရတော့တဲ့ မန်ယူအတွက် ရလဒ်ကောင်းရရှိနိုင်တယ်။

### ဘန်လေ VS လီဗာပူး

13–02–2022 | Game Week 25 | KO 20:30

ဘန်လေက နောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားပေမယ့် ပြီးခဲ့တဲ့ပွဲမှာ မန်ယူအသင်းကို အခက်တွေ့အောင် ကစားနိုင်ခဲ့ပြီး သရေတစ်မှတ်ရယူနိုင်ခဲ့တယ်။ ယခုပွဲစဉ်မှာ ဘန်လေအသင်းအနေနဲ့ လီဗာပူးအသင်းကို အခက်တွေ့အောင် ကစားနိုင်ဖွယ်ရှိပေမယ့် နိုင်ပွဲရယူဖို့တော့ စွမ်းဆောင်နိုင်မယ်မထင်ဘူး။ ဦးဆောင်သူ မန်စီးတီးအသင်းကို ထက်ကြပ်မကွာဖိအားပေးနိုင်ဖို့ ကြိုးစားလာမယ့် လီဗာပူးအသင်း ရမှတ်အပြည့် ရရှိဖွယ်ရှိတယ်။

### ကာဆယ် VS ဗီလာ

13–02–2022 | Game Week 25 | KO 20:30

နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပြန်လည်ရရှိထားတဲ့ ကာဆယ်အနေနဲ့ ဗီလာအသင်းကို အနိုင်ရဖို့ ခက်မယ်။ ဗီလာအသင်းက ပြီးခဲ့တဲ့ လိဒ်စ်နဲ့ပွဲမှာ သုံးဂိုး–တစ်ဂိုးနဲ့ ဦးဆောင်ထားနိုင်ပေမယ့် ချေပဂိုးတွေပြန်လည်ခွင့်ပြုပေးခဲ့ရတာကြောင့် သရေတစ်မှတ်သာ ရရှိခဲ့တယ်။ ကာဆယ်အသင်း ခြေစွမ်းတက်လာပေမယ့် ကော်တင်ဟို၊ ရမ်ဆေးတို့ ခြေစွမ်းပြမှုနဲ့အတူ စုဖွဲ့မှုအားကောင်းတဲ့ ဗီလာကို ကျော်ဖြတ်ကာ ရမှတ်အပြည့်ရဖို့ မလွယ်ဘူး။

### နေ့ဝှစ်ချ် VS မန်စီးတီး

13–02–2022 | Game Week 25 | KO 00:00

တန်းဆင်းဇုန်က နေ့ဝှစ်ချ်နဲ့ အမှတ်ပေးဇယားဦးဆောင်သူ မန်စီးတီးအသင်းတို့ပွဲစဉ်က စိတ်ဝင်စားဖွယ်ရာအကောင်းဆုံးပွဲစဉ်အဖြစ် ရှိနေပါတယ်။ နေ့ဝှစ်ချ်က တန်းဆင်းဇုန်မှ လွတ်မြောက်ဖို့ ကြိုးစားလာမှာဖြစ်သလို မန်စီးတီးက ဒုတိယနေရာမှ လီဗာပူးအသင်းကို ရမှတ်ဆက်လက်ဖြတ်ထားနိုင်ဖို့ အကောင်းဆုံးပြင်ဆင်လာမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ တိုက်စစ်အားကောင်းတဲ့ မန်စီးတီးကို ခံစစ်ဆိုးရွားတဲ့နေ့ဝှစ်ချ် မယှဉ်သာဘူး။

## ကိုပါအီတာလီယာဖလားဆီမီးဖိုင်နယ်သို့ ဂျူဗင်တပ်စ်အသင်း တက်ရောက်

ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက ဂျူဗင်တပ်စ်အသင်းနှင့် ဆက်ဆူအိုလိုအသင်းတို့၏ ကိုပါအီတာလီယာဖလားကွာတားဖိုင်နယ်ပွဲစဉ်ကို ယှဉ်ပြိုင်ကစားခဲ့ပြီး ဂျူဗင်တပ်စ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် ဦးဆောင်ဂိုးကို ပွဲချိန် သုံးမိနစ်၌ ဂျူဗင်တပ်စ်အသင်းက စတင်ရရှိခဲ့ပြီး ဒိုင်ဘာလာက သွင်းယူပေးခဲ့သည်။ ဆက်ဆူအိုလိုအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၂၄ မိနစ်တွင် အာမက် ထရာအိုရေးက သွင်းယူပေးခဲ့သည်။ သို့သော်လည်း ဆက်ဆူအိုလိုအသင်းသည် ပွဲချိန်ပြည့်ခါနီးတွင် အသင်းမှ ခံစစ်ကစားသမားတစ်ဦးဖြစ်သူ ထရက်စ်ဆိုလ်ဒီ ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့၍ ဂျူဗင်တပ်စ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ကိုပါအီတာလီယာဖလားဆီမီးဖိုင်နယ်သို့ ဖီအိုရင်တီးနား၊ အေစီမီလန်နှင့် အင်တာမီလန်အသင်းတို့ တက်ရောက်နိုင်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ဂျူဗင်တပ်စ်အသင်းက ဖီအိုရင်တီးနား၊ အေစီမီလန်အသင်းက မြို့ခံပြိုင်ဘက် အင်တာမီလန်အသင်းနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ အဆိုပါ ဆီမီးဖိုင်နယ်ပွဲစဉ်ကို မတ်လအစောပိုင်းတွင် ယှဉ်ပြိုင်ကစားမည်။

## ချယ်ဆီးနှင့် မန်ယူတို့ ရိမ်းစ်အသင်းမှ တိုက်စစ်ကစားသမား အီကီတိုက်ကို ခေါ်ယူလို

ပရီမီယာလိဂ်ကလပ် ချယ်ဆီးအသင်းနှင့် မန်ယူအသင်းတို့သည် ရိမ်းစ်အသင်းမှ တိုက်စစ်ကစားသမားဟူဂို အီကီတိုက်ကို ခေါ်ယူရန် ဆန္ဒရှိနေသည်။ အသက် ၁၉ နှစ်အရွယ် အဆိုပါ တိုက်စစ်ကစားသမားသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် နယူးကာဆယ်အသင်းအပါအဝင် ပရီမီယာလိဂ်ကလပ်အသင်းအများအပြား၏ စိတ်ဝင်စားခြင်းကို ခံထားရသူ ဖြစ်သည်။

ထွက်ပေါ်လာသော သတင်းများအရ ချယ်ဆီးနှင့် မန်ယူအသင်း ကင်းထောက်များသည် ဖေဖော်ဝါရီ ၆ ရက်က ရိမ်းစ်အသင်းနှင့် ဘော်ဒိုးအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် အီကီတိုက်၏ ခြေစွမ်းကို စောင့်ကြည့်ခဲ့ကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ရိမ်းစ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ပွဲ ၂၂ ပွဲ ပါဝင်ကစားထားပြီး ကိုးဂိုး သွင်းယူပေးထားသည်။



ယခုအပတ် ဖေဖော်ဝါရီ ၁၅ ရက်၊ ၁၆ ရက်မှာ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အင်တာမီလန်က လီဗာပူး၊ ပီအက်စ်ဂျီက ရီးရဲမက်ဒရစ်တို့နဲ့ တွေ့ဆုံနေတာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာပါ။

### လစ္စဘွန်း VS မန်စီးတီး

16–02–2022 | Champions League | KO 02:30

စပို့တင်းလစ္စဘွန်းအသင်းက ယခုပွဲစဉ်မတိုင်မီ ပေါ်တူဂီလိဂ်အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ ပေါ်တိုအသင်းနဲ့ ပွဲကျပ်ကစားထားရတာကြောင့် ပွဲပန်းနေနိုင်တယ်။ ဒါပေမယ့် လစ္စဘွန်းအသင်းက ယခုနှစ်ရာသီမှာ ခံစစ်ကျစ်လျစ်နေတယ်။ မန်စီးတီးအသင်းကလည်း ခံစစ်တည်ငြိမ်ပြီး တိုက်စစ်အားကောင်းတဲ့အသင်းဖြစ်တာကြောင့် ယခုပွဲစဉ်က ပြိုင်ဆိုင်မှု မြင့်ဆိုင်လာမှာပါ။

### ပီအက်စ်ဂျီ VS ရီးရဲမက်ဒရစ်

16–02–2022 | Champions League | KO 02:30

သက်ဆိုင်ရာလိဂ်တွေမှာ အမှတ်ပေးဇယားကို ဦးဆောင်ထားတဲ့အသင်းချင်းချင်းတွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖွယ်ရာအကောင်းဆုံးပွဲစဉ်အဖြစ်ရှိနေသလို စောင့်ကြည့်ချင်စရာအကောင်းဆုံးပွဲစဉ်အဖြစ် ရှိလို့နေပါတယ်။ ဒီနှစ်သင်းနောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှုမှာတော့ ပီအက်စ်ဂျီအသင်းက အသာရထားပြီး တစ်ပွဲသရေနဲ့ တစ်ပွဲအနိုင်ရရှိထားပါတယ်။ ဒါကြောင့် ယခုအကြိမ်တွေ့ဆုံမှုမှာ ဘယ်အသင်းက ရလဒ်ကောင်းရရှိသွားမလဲ။

### ဆောလ်ဘတ် VS ဘိုင်ယန်မြူးနစ်

17–02–2022 | Champions League | KO 02:30

ဒီနှစ်သင်းနောက်ဆုံးနှစ်ကြိမ်ထိပ်တိုက်တွေ့ဆုံမှုမှာ ဘိုင်ယန်မြူးနစ်အသင်းက နှစ်ကြိမ်စလုံး ဂိုးပြတ်အနိုင်ရရှိထားတယ်။ ဆောလ်ဘတ်ရော ဘိုင်ယန်မြူးနစ်ပါ ဒီရာသီမှာ အကောင်းဆုံးခြေစွမ်းကို ရရှိထားတယ်။ ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ နောက်ဆုံး နှစ်ကြိမ်မှာ ဘိုင်ယန်မြူးနစ်အသင်းက နှစ်ကြိမ်စလုံး ဂိုးပြတ်အနိုင်ရရှိထားတယ်။ တိုက်စစ်အဆုံးသတ်သေချာခဲ့ရင် ဆောလ်ဘတ်အသင်း ဘိုင်ယန်မြူးနစ်အသင်းကို နိုင်ဖွယ်ရာရှိတယ်။

### အင်တာမီလန် VS လီဗာပူး

17–02–2022 | Champions League | KO 02:30

အင်တာမီလန်အသင်းအနေနဲ့ အိမ်ကွင်းအားသာချက်ကို ရယူကာ ရလဒ်ကောင်းရရှိဖို့ လီဗာပူးအသင်းကို ဖိအားပေးကစားလာမှာပါ။ ခံစစ်တည်ငြိမ်တဲ့ လီဗာပူးအသင်းကလည်း နိုင်ပွဲရရှိရေးကို ဦးတည်လာမှာပါ။ မည်သို့ပင်ဆိုစေ အင်တာမီလန်အသင်းရော လီဗာပူးအသင်းပါ ပထမအကျော့မှာ ရလဒ်ကောင်းရရှိရေး အင်အားအတောင့်တင်းဆုံးပုံစံဖြင့် အကောင်းဆုံးပြင်ဆင်လာမှာ ဖြစ်တာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာပါ။

### သတင်းတိုများ

- အာဆင်နယ်အသင်းသည် ဗီလာကွင်းလယ်ကစားသမား ဒေါက်ကလပ်လူးဝစ်ကို နွေရာသီတွင် ခေါ်ယူသွားဖွယ်ရှိသည်။
- ဘာစီလိုနာတိုက်စစ်ကစားသမား ဒီပေး နွေရာသီတွင် အသင်းမှ ထွက်ခွာဖွယ်ရှိသည်။
- စီးရီးဘီကလပ် ပါးမားအသင်းတွင် ကစားနေသော ဘတ်ဖွန် (၄၄နှစ်) သည် မေဂျာလိဂ်ကလပ်သို့ ပြောင်းရွှေ့ကစားဖွယ်ရှိသည်။

■ မိုးဇက် – စုစည်းသည်

# အင်းစိန်မြို့နယ် အောက်ဆီဂျင်စက်ရုံမှ ပြည်သူများအတွက် အောက်ဆီဂျင်များ ဖြန့်ဝေပေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကွက်သစ်ရပ်ကွက် မာလာရာမ ကွက်သစ်ကျောင်းတိုက်အတွင်း ၂၀၂၁ ခုနှစ် အောက်တိုဘာလက တည်ဆောက်ပြီးစီးခဲ့သည့် စိန်ရတနာ နာရေးကူညီမှုအသင်း၏ အောက်ဆီဂျင်စက်ရုံမှ ပြည်သူများအတွက် လိုအပ်သော အောက်ဆီဂျင်များ ဆက်လက်ဖြန့်ဝေပေးလျက်ရှိကြောင်း စိန်ရတနာ နာရေးကူညီမှုအသင်း၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အင်းစိန်မြို့နယ်၌ အဆိုပါအောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ပါဝင်အားပေးကူညီမှု၊ လှူဒါန်းငွေ၊ အသင်း၏မတည်ငွေနှင့် အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေတို့ဖြင့် ဆောင်ရွက်ခဲ့ပြီး ယင်းအောက်ဆီဂျင်စက်ရုံမှ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အိုးကြီး အလုံး ၂၀၀ ခန့် ထုတ်လုပ်ပေးနိုင်ကြောင်း၊ စိန်ရတနာ နာရေးကူညီမှုအသင်းတာဝန်ရှိသူများက ကြီးကြပ်၍ အောက်ဆီဂျင်အိုးများ ထုတ်လုပ်ဖြန့်ဝေလျက်ရှိကြောင်းနှင့် စိန်ရတနာ နာရေးကူညီမှုအသင်းအနေဖြင့် ပုံမှန် လူမှုကူညီရေးလုပ်ငန်းများနှင့်အတူ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ် (၁၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ နောက်တန်းဌာနချုပ်မှ ဌာနချုပ်တပ်ခွဲမှူး ရဲမှူး သောင်းဒန် ဦးစီး၍ တပ်ဖွဲ့ဝင် ၅၈ ဦးနှင့် မိသားစုဝင် ၅၀ စုစုပေါင်း အင်အား ၁၀၈ ဦးတို့သည် ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက တပ်ကုန်းမြို့နယ် ဖြူတ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

**ရဲပြန်ကြား**

# ကျောင်းကုန်းမြို့နယ်၌ ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၁**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စု နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ် (၃) ရပ်ကွက် ညောင်ပင်သာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းကအမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ညောင်ပင်သာလမ်း ကွန်ကရစ်လမ်း ခင်းခြင်း လုပ်ငန်းသည် အရှည် ပေ ၄၄၀၊ အကျယ် ၁၂ ပေနှင့် ထု ၆ လက်မ ဖြစ်ပြီး တင်ဒါအောင်မြင်ငွေကျပ် ၈၈ သိန်းကျော်ဖြင့် လည်းကောင်း၊ အလျား ၁၈ ပေ၊ အကျယ် ၅ ပေခွဲနှင့် အမြင့် ၅ ပေရှိ ရေထုတ်ပြွန် တည်ဆောက်ခြင်း လုပ်ငန်းကို တင်ဒါအောင်မြင် ငွေကျပ် ၁၇ သိန်းကျော်ဖြင့် လည်းကောင်း တင်ဒါအောင် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၁-၂၀၂၂ ခြောက်လဘတ်ဂျက်တွင် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ကတ္တရာလမ်းတစ်လမ်း၊ ကွန်ကရစ်လမ်း သုံးလမ်း၊ ကျောက်ချောလမ်း နှစ်လမ်း၊ ရေထုတ်ပြွန် လေးခုနှင့် ကမ်းနားလမ်း ဖျူးပိုင့် လက်ရန်း တပ်ဆင်ခြင်းအပါအဝင် စုစုပေါင်း လုပ်ငန်း ၁၁ ခုကို တင်ဒါအောင်မြင်သောကုမ္ပဏီက ငွေကျပ် ၈၄ ဒသမ ၈၅ သန်းဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# သူတစ်ပါးထိခိုက်မှု မော်တော်ယာဉ် အာမခံပရီမီယံကြေး Online မှ လွယ်ကူမြန်ဆန်စွာ ပေးသွင်းနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မြန်မာ့အာမခံလုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော Digital Transformation အစီအစဉ်သည် အာမခံအကာအကွယ်ရယူလိုသည့် ပြည်သူများအနေဖြင့် မိမိတို့ ရွေးချယ်ဝယ်ယူလိုသော အာမခံ Product များကို ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ အဆင်ပြေချောမွေ့စွာ ရွေးချယ်ဝယ်ယူနိုင်စေရန်နှင့် ယခုကာလတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အာမခံထားရှိသူများ လူကိုယ်တိုင်လာရောက်၍ ပရီမီယံကြေး ပေးသွင်းရန် မလိုဘဲ Online/Mobile Payment များဖြင့် ပေးသွင်းနိုင်ပြီဖြစ်သည်။ သူတစ်ပါးထိခိုက်မှု မော်တော်ယာဉ်အာမခံ ပရီမီယံကို အချိန်၊ နေရာမရွေး ပေးသွင်းနိုင်ရန် KBZ Pay, CB Pay, OKS တို့နှင့် မည်သည့် MPU Card ဖြစ်စေ Online Payment ဖြင့် ငွေပေးသွင်းနိုင်ရန် မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ဆောင်မှုသစ်များ ပေးလျက်ရှိသည်။

Online မှငွေပေးချေရာတွင် QR စနစ်ဖြင့် ငွေပေးချေခြင်းနှင့် MPU စနစ်ဖြင့် ငွေပေးချေခြင်း နှစ်မျိုးဖြင့် မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ဆောင်မှုပေးလျက်ရှိရာ မြန်မာ့အာမခံလုပ်ငန်း Mobile Application ဖြင့် အာမခံဝယ်ယူရာတွင် သူတစ်ပါးထိခိုက်မှုအာမခံကိုနှိပ်၍ ဖော်ပြပါအဆင့်တိုင်း ဝယ်ယူနိုင်ပါသည်။

**QR စနစ်ဖြင့် ငွေပေးချေခြင်း**

သူတစ်ပါး ထိခိုက်မှုအာမခံ ဝယ်ယူရန် ဝယ်ယူလိုသည့် ယာဉ်အမှတ်ကို ထည့်ပြီး ရှာဖွေရမည်ဖြစ်ပြီး ဝယ်ယူလိုသည့် ယာဉ်၏ အချက်အလက်များကို စစ်ဆေးရမည်ဖြစ်သည်။ ဆက်လက်၍ ငွေပေးချေရန် ငွေပေးချေမှုအမျိုးအစားကို ရှာဖွေ၍ အာမခံဝယ်ယူရန် အချက်အလက်များကို စစ်ဆေးပြီး မှန်ကန်ပါက ဝယ်ယူရန် နှိပ်ရမည်ဖြစ်သည်။ ငွေပေးချေမှု (ပရီမီယံ) ပေးသွင်းရန် သေချာပါက "Yes" ကို နှိပ်၍ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။ QR ကုတ်အား Scan ဖတ်ရန် Save QR ဖြင့် သိမ်းရမည်ဖြစ်သည်။ ထို့နောက် KBZ Pay, CB Pay App ထဲသို့ဝင်၍ ယခု QR ကုတ်ကို Scan ဖတ်ပြီး ငွေပေးချေနိုင်ပြီဖြစ်သည်။ အာမခံဝယ်ယူမှုပြီးဆုံးပြီဖြစ်သည့်အတွက် ငွေပေးချေမှု အောင်မြင်သွားပြီဖြစ်သည်။

**MPU စနစ်ဖြင့်ငွေပေးချေခြင်း**

ကနဦးအနေဖြင့် သူတစ်ပါးထိခိုက်မှုအာမခံဝယ်ယူရန် ဝယ်ယူလိုသည့် ယာဉ်အမှတ်ကို ထည့်ပြီး ရှာဖွေရမည်ဖြစ်သည်။ ဝယ်ယူလိုသည့်ယာဉ်၏ အချက်အလက်များကို စစ်ဆေးရမည်ဖြစ်ပြီး ငွေပေးချေရန် ငွေပေးချေမှုအမျိုးအစားကို ရှာဖွေရမည်ဖြစ်သည်။ ယင်းနောက် အာမခံဝယ်ယူရန် အချက်အလက်များကို စစ်ဆေးပြီး မှန်ကန်ပါက ဝယ်ယူရန်နှိပ်ရမည်ဖြစ်သည်။ ငွေပေးချေ(ပရီမီယံ) ပေးသွင်းရန် သေချာပါက "Yes"ကိုနှိပ်ပြီး ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။ MPU Card ဖြင့် ငွေပေးချေရန် "Card Number, Exp Data နှင့် OTP တို့ကို ထည့်ရမည်ဖြစ်ပြီး ငွေပေးချေမှု အောင်မြင်ရန် "Confirm Payment" ကို နှိပ်ရမည်ဖြစ်သည်။ Payment Status တွင် Approve ဖြစ်ပါက Continue ကို နှိပ်ပြီးလျှင် အာမခံဝယ်ယူမှုပြီးဆုံးသည့်အတွက် ငွေပေးချေမှုအောင်မြင်ပြီဖြစ်သည်။ သူတစ်ပါးထိခိုက်မှု မော်တော်ယာဉ် အာမခံပရီမီယံကို Online မှ လွယ်ကူမြန်ဆန်စွာ ပေးသွင်းနိုင်ရန် မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ဆောင်မှုပေးလျက်ရှိသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ-ကနူး**




အွန်လိုင်းစနစ်ဖြင့် ငွေပေးသွင်းမှုပုံစံများကို တွေ့ရစဉ်။

# ကံမမြို့နယ်၌ သာသနာ့ဝန်ထမ်းများအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်း ထိုးနှံ

**ကံမ ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး ကံမမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး COVISHIELD နှစ်ကြိမ်ထိုးနှံပြီးသည့် သာသနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို ယမန်နေ့က မြို့နယ်သာသနာ့ဗိမာန်တွင် ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာနနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများပူးပေါင်းပြီး ကိုဗစ် ၁၉ ရောဂါ ကင်းဝေးစေရန်နှင့် ကူးစက်ပြန့်ပွားမှုလျော့နည်းစေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၇ ဆူ | ၁၅၆ ဆူ | ၅၇၁ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လှူ | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လှူ | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၁၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ)၁၆၂၄. ၀၀ | | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၃

ကွယ်လွန်သူ ဦးခင်မောင်သန်း ၏ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့် အမှု။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်၊ အကွက်(၂၆၁)၊ ၃၁x၃၂လမ်းကြား၊ လမ်း၈၀၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးခင်မောင်သန်း၏ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့်ဇနီးဖြစ်သူ ဒေါ်ကြူကြူမာက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ် မတ် ၈ရက် (၁၃၈၃ခုနှစ် တပေါင်းလဆန်း ၇ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးခင်မောင်သန်း၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၂ခုနှစ် မတ် ၈ရက်(၁၃၈၃ခုနှစ် တပေါင်းလဆန်း ၇ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့်အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ကြူကြူမာ၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၈ရက် တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီရိအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၈

ကွယ်လွန်သူ ဦးပွား(ခ)ဦးကောက်ဆွ၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ မယ်တော်စုရပ်၊ ပြည်လုံးကျော်ကျေးရွာအုပ်စု၊ မယ်တော်စုရပ်၊ ဒေါင်းရွေးကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးပွား(ခ)ဦးကောက်ဆွ ကျန်ရစ်သည့် အမရပူရမြို့နယ်၊ ပြည်လုံးကျော်ကျေးရွာအုပ်စု၊ မယ်တော်စုရပ်၊ ကွင်းအမှတ်(၅၇၈-က/မင်းစု)၊ ဦးပိုင်အမှတ်(၇၉)၊ ဧရိယာ ၃ ဒသမ ၉၉ကေအကျယ်အဝန်းရှိ လယ်မြေပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးတင်လင်း၊ ဒေါ်ခင်မာဝေ၊ ဒေါ်တင်တင်ယုတို့က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ် မတ် ၉ရက် (၁၃၈၃ခုနှစ် တပေါင်းလဆန်း ၈ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးပွား(ခ)ဦးကောက်ဆွ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၂ခုနှစ် မတ် ၉ရက် (၁၃၈၃ခုနှစ် တပေါင်းလဆန်း ၈ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးတင်လင်း၊ ဒေါ်ခင်မာဝေ၊ ဒေါ်တင်တင်ယု၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၂

ကွယ်လွန်သူ ဦးခင်မောင်သန်း ၏ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့် အမှု။

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ နတ်ရေကန်အုပ်စု၊ ညောင်ပင်စောက်ကျေးရွာ၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးခင်မောင်သန်း ကျန်ရစ်သည့် အမရပူရမြို့နယ်၊ ဆောက်တောဝအုပ်စု၊ ကွင်းအမှတ် (၅၈၁/ဃ) ၊မင်းရွာတောင်ကွင်း၊ ဦးပိုင်အမှတ်(၄/၁)၊ ဧရိယာ ၁ ဒသမ ၁၃ကေ အကျယ်အဝန်းရှိ လယ်မြေပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်မြင့်တင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ် မတ် ၉ရက် (၁၃၈၃ခုနှစ် တပေါင်းလဆန်း ၈ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးခင်မောင်သန်း၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၂ခုနှစ် မတ် ၉ရက်(၁၃၈၃ခုနှစ် တပေါင်းလဆန်း ၈ရက်) ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မြင့်တင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင်စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၀ရက် တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၃

ဦးသိန်းဝင်း(ခ) ဦးလှမြင့် နှင့် ဒေါ်ခင်စန်းရီ
တရားလို တရားပြိုင်

မန္တလေးမြို့ ၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက်(၁၂၈) နေ ဒေါ်ခင်စန်းရီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးသိန်းဝင်း (ခ) ဦးလှမြင့်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၂)၊ ဦးပိုင်အမှတ်၁၂၈၊ ဧရိယာ ဝ ဒသမ ဝ၅၅၁ ကေအကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက် (၁၃၈၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မဂျီဂျာဆိုင်းပန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက် (နှင်းဆီကုန်း)၊ ဂမုန်းလမ်း၊ အမှတ်(၃၅)၊ ပထမထပ်(ယာ) တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးတင်လှ ၁၁/သတန(နိုင်)၀၁၀၉၆၄ မှ ၎င်းပိုင်ဆိုင်မှုအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းကြောင်းဝန်ခံကတိပြုပြီး ရောင်းချရာတွင် ကျွန်ုပ်ဒေါ်မော်မော်ဦး ၁၂/သဃက(နိုင်)၀၁၃၈၅၆ မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို၉-၂-၂၀၂၂ရက်တွင်ပေးချေထားပြီးဖြစ်ပါသည်။ထိုတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်မှုအားကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မော်မော်ဦး ၁၂/သဃက(နိုင်)၀၁၃၈၅၆**
**၇၉/၁ ၊ ရေနံ့သာလမ်း၊ ၂၄ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်**
**ဖုန်း-၀၉-၇၆၂၀၄၁၇၅၈၊ ၀၉-၄၂၁၀၂၁၅၃၀**

## အများသိစေရန်အသိပေးကြေညာခြင်း

"ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ တိုက်အမှတ်-၄၇၁/၄၇၃ ၊ အခန်းအမှတ်(၃၀၂)၊ (၆)ခန်းတွဲ (၄)ထပ်တိုက်အဆောက်အအုံရှိ (တတိယလွှာ) ၊ (တိုက်ကိုမျက်နှာမူလျှင် လက်ယာ ဘက်အခန်း)၊ (၇၀၀) စတုရန်းပေ အကျယ်အဝန်းရှိ ရေမီးစုံပါဝင်သော တိုက်ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို"တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဟုအဆိုပြုသူ ဦးကျော်မျိုး ၁၂/တမန(နိုင်)၀၅၉၅၇၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် တရားဝင်နည်းလမ်းတကျ စာချုပ်စာတမ်းများချုပ်ဆို၍ ဝယ်ယူရန်အတွက်သဘောတူညီပြီးအရောင်းအဝယ်ပြုလုပ်သော တိုက်ခန်း၏တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ (၇)ရက်အတွင်းလူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့်ကန့်ကွက်ချက်မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇ္ဇာမောင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၁၅၉/၂၀၁၉)**
**အမှတ် ၉၂၃၊ ၃လွှာ၊ အင်းဝ(၇)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၃၁၆၅၂၂၀**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ကွက်သစ်ရပ်ကွက်၊ ကွင်းအမှတ်(၁၃၀၂/၂၆၆၈)၊ ဘုရားအနောက်ကွင်း၊ ဦးပိုင်အမှတ်(၃၀)၊ ယာမြေဧရိယာ ၀ ဒသမ ၃၂ ကေ အနက်မှ ၀ ဒသမ ၁၄ ကေရှိ မြေနေရာအား မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ကွက်သစ်ရပ်ကွက်နေ ကျွန်မ ဒေါ်စုလှိုင်၈/မသန(နိုင်) ၁၀၂၆၅၄ မှ ပန်းချယ်ရီအမည်ဖြင့် ၀ ဒသမ ၃လီတာ၊၀ ဒသမ ၆လီတာ၊ (၁)လီတာ၊ (၅)လီတာ၊ (၂၀)လီတာ သောက်ရေသန့်ဘူးများအား မကွေးတိုင်းဒေသကြီးအတွင်းသို့ ထုတ်လုပ်ဖြန့်ချိမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပန်းချယ်ရီ အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်ခြင်းအား ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကျွန်မဒေါ်စုလှိုင်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုလှိုင်**
**ဖုန်း-၀၉-၄၀၁၅၈၄၈၅၀ ၊ ၀၉-၄၀၁၅၅၃၉၃၄**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4P/9968 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၂-၂၀၂၂ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၃၀ပါ ဦးရဲထွဋ်၏ ရောင်ခြည်သစ် အမည်ဖြင့် ရေသန့်ကြော်ငြာအား ရောင်ခြည်လင်းဟု ပြင်ဆင်ဖတ်ရှုပါ ရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ (၁)ရကက (၁၀)၊ မန္တလေး-လားရှိုးလမ်း၊ ရွှေကောင်းကင်ဧည့်ရိပ်မွန်နေ ဦးတင်မောင်ဦး၊ (၂)ရကက(၆)၊ ရွှေနန်းထိုက် ဟိုတယ်နေ ဦးအေးကို၊ (၃)ရကက(၄)၊ (၆)ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၁၆၄)နေ ဦး ဇော်မင်းလတ်၊ (၄) ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေဂုဏ်သူအိမ်ရာ၊ အမှတ်(A-1/806)နေ ဦးနိုင်နိုင်အောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-III)၊ ကွက်ပြင်(၃)၊ ဦးပိုင်အမှတ်(၆၆)၊ မြေယာအမှတ်(193)၊ မြေဧရိယာ ၃ ဒသမ ၁၂ကေရှိ မြေ/မြေပေါ်ရှိ နေအိမ်အဆောက်အအုံများကို ဒေါ်ခွမ်လွမ်း(ခ)ဒေါ်ခေါန်လွန်း ဂရန်အမည်ပေါက် လက်ရှိပိုင်ဆိုင်ပါသည်။ အထက်ပါမြေအနက် ခွဲဝေ၍ တောင်ဘက်ခြမ်းရှိ မြောက်လားသော် ဦးပိုင်အမှတ်(၆၆) ကျန်အပိုင်း၊ တောင်လားသော် ဦးပိုင်အမှတ်(၆၅)၊ အရှေ့လားသော် သစ်တောလမ်း၊ အနောက်လားသော် သစ်တောလမ်းသွယ်တွင် တည်ရှိသော တောင်ဘက်ခြမ်း သစ်တောလမ်း မျက်နှာစာ ၁၅၀ပေ၊ သစ်တောလမ်းသွယ်မျက်နှာစာ ၁၅၀ပေ အပါအဝင် မြေဧရိယာ ၁ ဒသမ ၁၇၉ ကေရှိမြေကို ပိုင်ရှင် ဒေါ်ခွမ်လွမ်း(ခ)ဒေါ်ခေါန်လွန်းကိုယ်တိုင်မှ တာဝန်ခံရောင်းချသောကြောင့် ကျွန်ုပ်မိတ်ဆွေများဖြစ်သော (၁) ဦးတင်မောင်ဦး၊ (၂) ဦးအေးကို၊ (၃) ဦးဇော်မင်းလတ်၊ (၄) ဦးနိုင်နိုင်အောင်တို့က စရန်ငွေအချို့တစ်ဝက် ပေးချေဝယ်ယူထားပါသည်။ ကျန်ငွေများ ပေးချေမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ကျွန်ုပ်မိတ်ဆွေ (၁)ဦးတင်မောင်ဦး၊ (၂) ဦးအေးကို၊ (၃) ဦးဇော်မင်းလတ်၊ (၄) ဦးနိုင်နိုင်အောင်တို့ထံသို့ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေ (၁)ဦးတင်မောင်ဦး၊ (၂) ဦးအေးကို၊ (၃) ဦးဇော်မင်းလတ်၊ (၄) ဦးနိုင်နိုင်အောင်တို့က ငွေအပြီးပေးချေကာ အရောင်းအဝယ် ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**(၁) ဦးတင်မောင်ဦး၊ (၂) ဦးအေးကို၊ (၃) ဦးဇော်မင်းလတ်၊**
**(၄) ဦးနိုင်နိုင်အောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၄၅၅၀)**
**အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၇၉၂၀၄၅၈၇၅၊**
**၀၉-၇၈၂၀၄၅၈၇၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/5720 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/6397 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/5105 Toyota Corolla Fielder ZRE-142, Station Wagon(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဇော်လင်း ၈/မမန(နိုင်)၁၂၆၆၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/8936 Subaru Sambar TT2, P/U(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်းဦး ၅/စကန(နိုင်)၀၉၈၇၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၂၁၃၈၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိဖြိုး ၁၀/ရမန(နိုင်) ၂၆၈၇၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၉၄၉၁၈ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသိန်းစိုး ၁၀/ခဆန(နိုင်)၁၃၁၉၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက-ချောင်းဆုံ၊ အဌမတန်း (ခ)မှ ကျောင်းဝင်အမှတ် (က-၁၂၆၄) မောင်အောင်ထက်ကို၏ ဖခင်အမည်မှန်မှာ ဦးလှိုင်ဝင်း ၈/ ရစက (နိုင်) ၁၅၈၁၁၆ ဖြစ်ပါသည်။ **ဦးလှိုင်ဝင်း**


**အောင်ကမ္ဘာ**
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155


## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ အထက(၃) ဆဌမတန်း (Grade-7D) မှ မရွှေစင်မိုး၏ ဖခင်အမည်မှန်မှာ ဦးလှဝင်း ၁၁/ကတန (နိုင်) ၀၂၉၀၅၇ ဖြစ်ပါကြောင်း။

**ဦးလှဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/44158 Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါခိုင် ၉/မတရ(နိုင်)၁၃၅၇၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် CC/6184 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/9265 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀/၈၆၃၀ Toyota Hiace ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၅/ဘတလ(နိုင်)၀၅၈၂၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5D/5720 Toyota Crown JZS177 MAJESTA, Saloon(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးသူ ၉/မရတ(နိုင်)၁၂၀၄၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ

ကျွန်တော်တို့ အစိုးရအနေဖြင့် ဆက်လက်ဦးစားပေး လုပ်ဆောင်မှာကတော့-

❖ အမျိုးသားရေးလုပ်ငန်းစဉ် (၂) ခုအဖြစ် တိုင်းပြည်သာယာဝပြောရေးနဲ့ စား၊ ရေ၊ ရိက္ခာဖူလုံရေးကို ဦးစားပေးလုပ်ဆောင်သွားမှာပဲဖြစ်တယ်။

❖ နိုင်ငံရေးလုပ်ငန်းစဉ်(၂)ခုအဖြစ် စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်သွားမှာဖြစ်ပါတယ်။

❖ ငြိမ်းချမ်းရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်အဖြစ် ၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့ နှစ်ပဲဖြစ်ပါတယ်။ လာမယ့်ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတု ပြည်ထောင်စုနေ့ ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတု လွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်တွေနဲ့ ပြည့်စုံဖို့အရေးကြီးပါတယ်။ ဒါကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ် စတုတ္ထအချက်ထဲမှာလည်း ဖော်ပြပြီးဖြစ်လို့ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်လိုပါတယ်လို့ ၂၀၂၂ ခုနှစ် နှစ်သစ်ကူးမိန့်ခွန်းမှာ ကျွန်တော်ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးအတွက် အစဉ်အမြဲ အသင့်ရှိနေကြောင်း ဖြည့်စွက်ပြောကြားလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁) နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်)

# မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရန် ရည်ရွယ်လျက် အကြမ်းဖက်သမားများက ရထားသံလမ်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဖေဖော်ဝါရီ ၁၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရန် ရည်ရွယ်လျက် အကြမ်းဖက် သမားများက ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ကျိုက်ထိုမြို့နယ် မရမ်းကျေးရွာ မုပ္ပလင်ဘူတာနှင့် ကျိုက္ကသာ ဘူတာအကြားရှိ ရန်ကုန် - မော်လမြိုင်သွား ရထားလမ်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းကျေးရွာ မုပ္ပလင်ဘူတာနှင့် ကျိုက္ကသာ ဘူတာအကြားရှိ ရန်ကုန်-မော်လမြိုင်သွား ရထားလမ်း သံလမ်းကူးတံတား အမှတ် ၃၈ (ပေ-၄၀) သံဖရိန်တံတား၌

*စာမျက်နှာ ၁၈ ကော်လံ ၁* ❖



အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲခံရမှုကြောင့် ပျက်စီးနေသည့် ရထားသံလမ်းအား တွေ့ရစဉ်။

## ယနေ့ သတင်းအညွှန်း


ပြင်သစ်နိုင်ငံ၌ ချူကလီးယား ဓာတ်ပေါင်းဖိုခြောက်ခု တည်ဆောက်သွားမည်
နိုင်ငံတကာသတင်း စာ - ၁၂

ကနေဒါနိုင်ငံ၌ ကိုဗစ် - ၁၉ ကန့်သတ်ချက်များကြောင့် ဖြစ်ပေါ်နေသော ပြဿနာ
နိုင်ငံတကာရေးရာ စာ - ၁၉


အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ
ပြည်တွင်းသတင်း စာ - ၁၈

နိုင်ငံတကာအားကစားမြင်ကွင်း
အားကစားသတင်း စာ - ၂၂

# မြန်မာ့အလင်း

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ စနေနေ့

# ၇၅ နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

## အေးအတူ ပူအမျှ

လူမျိုးဆိုသည်မှာ သုခ၊ ဒုက္ခအတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်း ထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်ခုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာဖြစ်သည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့် ဘာသာစကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူ ပူအမျှ၊ ကောင်းတူဆိုးဖက် ပူးပေါင်းလျက်နေလိုသော အစဉ်အလာ ဆန္ဒပေါ်တွင် ဝံသာနုရက္ခိတ တရားသည် တည်နေပေ၏။

(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက်နေ့ ရွှေတိဂုံစေတီ အလယ်ပစ္စယံ ဖဆပလညီလာခံကြီး၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



# စိန်ရတုပြည်ထောင်စုနေ့မှသည် … ကမ္ဘာတည်သည့်တိုင်

သိန်းထွန်း (IR)

**ပြည်ထောင်စုဟု ဆိုလိုက်လျှင် မတူကွဲပြားမှုများဖြင့် စုစည်းနေထိုင်ခြင်း၊ ပေါင်းစည်းခြင်း၊ ညီညွတ်ခြင်းသဘောတို့ ပါဝင်ပါသည်။ စုစည်းမှု၊ ညီညွတ်မှုမရှိဘဲ ပြည်ထောင်စုအဖြစ် မည်သို့တည်ဆောက်ကြမည်နည်း။ ပြည်ထောင်စုနှင့် ညီညွတ်ရေးသည် ခွဲခြား၍မရနိုင်ပါ။ ပြည်ထောင်စု၏ အဓိကကြန်အင်လက္ခဏာလည်း ဖြစ်ပါသည်။**

စည်းလုံးညီညွတ်မှုဖြင့်သာ ပြည်ထောင်စုကို တည်ဆောက်နိုင်ပါသည်။

## ပြည်ထောင်စုအမှတ်သရုပ်

ပြည်ထောင်စု၏ အမှတ်သရုပ်သည် အားလုံးပါဝင်သော စည်းလုံးညီညွတ်မှု ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များ ပါဝင် လက်မှတ်ရေးထိုးခဲ့ကြသည့် ပင်လုံစာချုပ်သည် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု အမှတ်လက္ခဏာ ဖြစ်ပါသည်။ မြန်မာ့လွတ်လပ်ရေးအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပင်လုံစာချုပ်ဖြင့် ကတိကဝတ်ပြုခဲ့ကြသည်။

ပင်လုံစာချုပ်ကို အမျိုးမျိုးသော အခက်အခဲများကြားမှ သဘောတူချုပ်ဆိုခဲ့ရသည်။ လွယ်လွယ်ကူကူရရှိလာခဲ့သည့် စုပေါင်းအင်အားမဟုတ်ချေ။ သို့ဖြစ်ရာ မိမိတို့ နိုင်ငံ၏ စည်းလုံးခြင်းအမှတ်လက္ခဏာ ပင်လုံစာချုပ် ချုပ်ဆိုသည့်နေ့ကို ပြည်ထောင်စုနေ့အဖြစ် နှစ်စဉ်ကျင်းပလာခဲ့သည်။ သို့ဖြစ်ရာ ပြည်ထောင်စုနေ့၏ အနှစ်သာရသဘောတွင် တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသော စည်းလုံးမှုခွန်အားများ ကိန်းအောင်းပါဝင်နေပေသည်။

အခုဆိုလျှင် ပြည်ထောင်စုနေ့မှာ စိန်ရတုသို့ပင် ပြည့်လေပြီ။ နှစ်ပေါင်းအားဖြင့် ၇၅ နှစ်။ မျိုးဆက်အားဖြင့် မျိုးဆက်တစ်ဆက်ကျော် ဖြစ်သည်။ လွန်ခဲ့သော ၇၅ နှစ်က ပြည်ထောင်စုဖွား တိုင်းရင်းသားခေါင်းဆောင်များ၏ စည်းလုံးမှု၊ ညီညွတ်မှု၊ တစ်စိတ်တစ်ဝမ်းတည်းဖြစ်မှုကို ပင်လုံစာချုပ်ဖြင့် သက်သေပြုခဲ့ကြသည်။ လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းစည်းလုံးညီညွတ်မှု၏ ရလဒ်မှာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် နှစ်ပေါင်း ၁၀၀ ကျော် ဆုံးရှုံးခဲ့ရသည့် လွတ်လပ်ရေးရရှိခြင်းပင် ဖြစ်သည်။ နယ်ချဲ့တို့၏ နည်းလမ်းမျိုးစုံဖြင့် သွေးခွဲအုပ်ချုပ်မှုအောက်မှာပင် တိုင်းရင်းသားအပေါင်း၏ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည်။ ဖော်ဆောင်နိုင်ခဲ့ပေသည်။ ဂုဏ်ယူဖွယ်၊ အတုယူဖွယ် ကြိုးပမ်းလုပ်ဆောင်မှု ဖြစ်ပါသည်။

ယင်းကြိုးပမ်းမှုဖြစ်သော ပြည်ထောင်စုအမှတ်သရုပ် စည်းလုံးခြင်းသည် ဆက်လက်ဆောင်ရွက်ရန်များ ရှိနေသေးသည့်တိုင် ၇၅ နှစ် ပြည့်လာခဲ့သည်မှာ နိုင်ငံ၏ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ခဲ့ပါပြီ။

## ပြည်ထောင်စု၏အနှစ်သာရ

မိမိတို့၏ ဘိုးဘွားတို့သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကိုလိုနီခေတ်လွန် မြန်မာနိုင်ငံကို တည်ဆောက်နိုင်ခဲ့ကြပါသည်။ ပြည်ထောင်စုနိုင်ငံအဖြစ် ကမ္ဘာ့အလယ် ရပ်တည်နိုင်ခဲ့ပါသည်။ မျိုးဆက်အဆင့်ဆင့်အနေဖြင့်လည်း ပြည်ထောင်စု အနှစ်သာရ ပြည့်ဝသည့် နိုင်ငံတော်ကြီး အဓွန့်ရှည်စေရန် ထိန်းသိမ်းစောင့်ရှောက်ကြရပါဦးမည်။ တိုင်းရင်းသားများအချင်းချင်း မတူကွဲပြားမှုများနှင့် ယှဉ်တွဲနေထိုင်ခြင်း၊ မတူကွဲပြားမှုများကို အသိအမှတ်ပြုခြင်း၊ အပြန်အလှန် လေးစားခြင်း၊ ဘုံအကျိုးစီးပွားအပေါ် ရပ်တည်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်း ကဲ့သို့သော အနှစ်သာရများမှာ ပြည်ထောင်စု အဓွန့်ရှည်ရေးအတွက် အခြေခံလိုအပ်ချက်များ ဖြစ်ပါသည်။



ပင်လုံစာချုပ် မချုပ်မီ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား တိုင်းရင်းသူများ၏ မှတ်တမ်းဓာတ်ပုံ။

ထိုအနှစ်သာရများ ရရှိရန်ဆိုသည်မှာလည်း တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းဖြင့် လုပ်ဆောင်၍ မရနိုင်ပါချေ။ သက်ဆိုင်သူအားလုံး၏ ပူးပေါင်းလုပ်ဆောင်မှုများဖြင့်သာ အကောင်အထည်ဖော်ကြရပါသည်။ သို့မှလည်း ရေရှည်ခိုင်မာသော ပြည်ထောင်စုနိုင်ငံအဖြစ် ရပ်တည်နိုင်မည် ဖြစ်ပါသည်။

**“လူတစ်ယောက်အတွက်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံအတွက်ဖြစ်စေ အတိတ်မှ ကောင်းမွေ၊ ဆိုးမွေများ ရှိတတ်ကြပါသည်။ လက်ဆင့်ကမ်းရရှိလာသော အမွေများကို အကောင်း၊ အဆိုး ပိုင်းခြားသုံးသပ်ကြရပါမည်။ ထိုကောင်းမွေ၊ ဆိုးမွေများထဲမှ ကောင်းမွေများကို လက်ဆင့်ကမ်းဆက်ခံ၍ ဆိုးမွေများကိုမူ သင်ခန်းစာယူ ပြုပြင်ပြောင်းလဲကြရပါမည်။ ဆိုးမွေများဆိုသည်မှာ လက်ခံရယူသင့်သည့် အမွေမဟုတ်သကဲ့သို့ မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပေးရမည့် အမွေများလည်းမဟုတ်ပါ။ မိမိတို့ကာလအတွင်း အဆုံးသတ်နိုင်ရန် ကြိုးပမ်းကြရပါမည်။ သို့မှသာ ပစ္စုပ္ပန်ကာလနှင့် အနာဂတ်မျိုးဆက်သစ်တို့အတွက် အဆိုးသံသရာကို ရပ်တန့်နိုင်မည်ဖြစ်”**

## ဆိုးမွေများကို အဆုံးသတ်

မိမိတို့ ဘိုးဘွားများလက်ထက်က ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ခဲ့ပါလျှင် မိမိတို့လက်ထက်များတွင် ဘိုးဘွားများတို့ထက် ပိုမိုစည်းလုံးသော၊ ပိုမိုညီညွတ်သော၊ ပိုမိုချစ်ကြည်သော ပြည်ထောင်စုနိုင်ငံတော်ကြီးကို ဆက်လက် တည်ဆောက်ကြရမည်မှာ မျိုးဆက်အဆင့်ဆင့်တို့၏ သမိုင်းပေးတာဝန်ဖြစ်ပါသည်။ မိမိတို့ ဘိုးဘွားများ သမိုင်းတာဝန်ကျေပွန်ခဲ့သလို မိမိတို့သည်လည်း တာဝန်ကျေကြရပါမည်။ ထိုသို့တာဝန်ကျေရန်ဆိုရာတွင် ယခင်က တွေ့ကြုံခဲ့ရသည့် သမိုင်းဖြစ်စဉ်များထဲမှ ကောင်းမွေ၊ ဆိုးမွေများကို ယနေ့ တည်ဆောက်နေသည့် နိုင်ငံ၏ အနာဂတ်ရည်မှန်းချက်များနှင့်အညီ ဆန်းစစ်သင်ခန်းစာယူကြရပါမည်။

**လူတစ်ယောက်အတွက်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံအတွက်ဖြစ်စေ အတိတ်မှ ကောင်းမွေ၊ ဆိုးမွေများ ရှိတတ်ကြပါသည်။ လက်ဆင့်ကမ်းရရှိလာသော အမွေများကို အကောင်း၊ အဆိုး ပိုင်းခြား သုံးသပ်ကြရပါမည်။ ထိုကောင်းမွေ၊ ဆိုးမွေများထဲမှ ကောင်းမွေများကို လက်ဆင့်ကမ်းဆက်ခံ၍ ဆိုးမွေများကိုမူ သင်ခန်းစာယူ ပြုပြင်ပြောင်းလဲကြရပါမည်။ ဆိုးမွေများဆိုသည်မှာ လက်ခံရယူသင့်သည့် အမွေမဟုတ်သကဲ့သို့ မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပေးရမည့် အမွေများလည်း မဟုတ်ပါ။ မိမိတို့ကာလအတွင်း အဆုံးသတ်နိုင်ရန် ကြိုးပမ်းကြရပါမည်။ သို့မှသာ ပစ္စုပ္ပန်ကာလနှင့် အနာဂတ်မျိုးဆက်သစ်တို့အတွက် အဆိုးသံသရာကို ရပ်တန့်နိုင်မည်ဖြစ်ပါသည်။**

ဆိုးမွေများကို အဆုံးသတ်ရန်ဆိုသည်မှာ အတိတ်သမိုင်းကို မေ့လိုက်ခြင်း၊ ပစ်ပယ်လိုက်ခြင်း၊ ငြင်းဆိုခြင်းမဟုတ်ပါ။ ပြီးဆုံးသွားခဲ့သည့် အတိတ်ဖြစ်စဉ်ဖြစ်ရပ်တို့အပေါ် လှေနံဓားထစ်တရားသေ စွဲမှတ်ယူနေခြင်းကြောင့် ရှေ့ဆက်ကြရမည့် အနာဂတ်နိုင်ငံတည်ဆောက်ရေးကို မထိခိုက်စေလိုသည့်သဘော၊ အဟန့်အတားမဖြစ်စေလိုသည့် သဘော၊ ပိုမိုတိုးတက်စေလိုသည့်သဘောကို ဆိုလိုခြင်းဖြစ်ပါသည်။

*အချပ်ပို (ဂ) သို့*

*အချုပ်ပိုု (ခ) မှ*

မိမိတို့သည် အတိတ်သမိုင်းထဲတွင် ရပ်တည်နေကြရန်မဟုတ်ဘဲ လက်ရှိပစ္စက္ခ အခြေအနေကို တည့်တည့်ရှုကြရပါမည်။ ပစ္စုပ္ပန်ကို တည့်မတ်စွာရပ်တည်နိုင်ရန် အတိတ်ကို သင်ခန်းစာယူကြခြင်းဖြင့် ပိုမိုကောင်းမွန်သောနိုင်ငံ တည်ဆောက်လိုသည့် ရည်ရွယ်ချက် ဖြစ်ပါသည်။

**သင်ခန်းစာယူသည့်သဘောတွင် အတိတ်မှလုပ်ရပ်များ၊ ဖြစ်စဉ်များအပေါ် အမှားအမှန် ဆင်ခြင်ခြင်း၊ ဝေဖန်သုံးသပ်ခြင်း၊ မှန်သောအရာများကိုယူ၍ အမှားများကို ပစ်ပယ်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးတက်ခြင်း စသည့် လုပ်ငန်းစဉ်များ ပါဝင်ပါသည်။ သင်ခန်းစာယူသည်ဆိုရာတွင်လည်း တစ်ဖက်သတ်ရှုမြင်မှုများကိုရှောင်ရှား၍ သူ့ဘက်ကိုယ့်ဘက်မျှတသောအမြင်နှင့် ရှုထောင့်များမှ သင်ခန်းစာယူကြရမည် ဖြစ်ပါသည်။ သို့မှသာ ပြည်ထောင်စုအတွင်း ဖြစ်ပေါ်လာသည့် အခက်အခဲ၊ အဟန့်အတားနှင့် အကျပ်အတည်းများကို မှန်မှန်ကန်ကန် ချဉ်းကပ်ဖြေရှင်းနိုင်မည်ဖြစ်ပြီး တွေ့ကြုံနေရသည့် အခက်အခဲများကို လျှော့ချခြင်း၊ အဆုံးသတ်ခြင်းနှင့် ရေရှည်ပိုမိုကောင်းမွန်အောင် တည်ဆောက်ခြင်းများ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။**

## ယုံကြည်မှုတည်ဆောက်ရေးနှင့် အမျိုးသားရင်ကြားစေ့ရေး

ပြည်ထောင်စုအတွက် စည်းလုံးညီညွတ်မှုဟုဆိုလျှင် ယင်းနှင့်အတူ ယုံကြည်မှုတည်ဆောက်ရေးနှင့် အမျိုးသားရင်ကြားစေ့ရေး တို့မှာလည်း ဒွန်တွဲ၍ ပါဝင်နေပါသည်။ ယုံကြည်မှုနှင့် အမျိုးသား ရင်ကြားစေ့ရေး မပါဝင်ဘဲ စည်းလုံးမှုတည်ဆောက်နိုင်မည် မဟုတ်ချေ။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား စည်းလုံး ညီညွတ်မှုရရှိရန် ဖြစ်ပေါ်လာသော ပဋိပက္ခများကို ဖြေရှင်းကြရာတွင် ယုံကြည်မှုတည်ဆောက်ရေးနှင့် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးကို ဦးတည်ကြရပါသည်။



မြန်မာ့လွတ်လပ်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုဖော်ပြသည့် ပင်လုံစာချုပ်တွင် ဗိုလ်ချုပ်အောင်ဆန်း လက်မှတ်ရေးထိုးစဉ်။

ရင်ကြားစေ့ရေးဆိုသည်မှာ ခင်မင်ရင်းနှီးသော ဆက်ဆံရေးများကို ပြန်လည်တည်ဆောက်ခြင်း သို့မဟုတ် တစ်ဦး၏အမြင်/ယုံကြည်မှုတို့ကို အခြားသူများနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြုလုပ်သည့် လုပ်ဆောင်ချက်ဟု Oxford Dictionary က ဖွင့်ဆိုပါသည်။ Merriam–Webster Dictionary ၏ ဖွင့်ဆိုချက်တစ်ခုမှာ မတူကွဲပြားသော အယူအဆများ၊ အချက်အလက်များ စသည်တို့ကို တစ်ချိန်တည်းတွင် မှန်ကန်အောင် သို့မဟုတ် တည်တံ့အောင် နည်းလမ်းရှာဖွေသည့် လုပ်ငန်းစဉ်ဟု ဆိုပါသည်။ ထို့အတူ အမျိုးသား ရင်ကြားစေ့ရေးသည် စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်ဟု ပညာရှင်အချို့ကဖွင့်ဆိုကြောင်း မှတ်သားဖူးပါသည်။

ယုံကြည်မှုတည်ဆောက်ရေး၊ အမျိုးသားရင်ကြားစေ့ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မတူကွဲပြားမှုများပြားသည့် မိမိတို့နိုင်ငံအတွက် နက်နဲရှုပ်ထွေးသည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။ ထိုသို့သောအခြေအနေတွင် ပါဝင်ပတ်သက်သူ အားလုံး၏ မှန်ကန်သောစိတ်သဘောထား၊ စိတ်ရှည်မှု၊ သည်းခံမှု၊ စေ့စပ်ညှိနှိုင်းလိုမှုနှင့် တစိုက်မတ်မတ်လုပ်ကိုင်မှုများဖြင့် အခက်အခဲ၊ အတားအဆီးများကို ကျော်ဖြတ်ကြရပါမည်။

ပဋိပက္ခဖြစ်ပွားရသည့် အရင်းခံ အကြောင်းတရားများကို နားလည်မှုရှိစွာဖြင့် ညှိနှိုင်းအဖြေရှာကြရမည်ဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်နေစဉ် တစ်ဦးနှင့် တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုနှင့် ရင်ကြားစေ့ရေးကိုထိခိုက်စေမည့် အပြုအမူ၊ အပြောအဆိုများကို ထိန်းသိမ်းကြရပါသည်။ ထို့အပြင် ပဋိပက္ခများအဆုံးသတ်နိုင်သည့် ဆက်ဆံရေးမျိုး ထူထောင်ရန်ဆိုပါက အပြန်အလှန်တောင်းဆိုမှုများကို ရပ်ဆိုင်းခြင်းဖြင့် ပဋိပက္ခများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ သို့မှသာ အမျိုးသားညီညွတ်ရေးကို ဦးတည်သည့် ယုံကြည်မှုတည်ဆောက်ရေးနှင့် ရင်ကြားစေ့ရေး ဖြစ်လာပါမည်။

**“သင်ခန်းစာယူသည့်သဘောတွင် အတိတ်မှလုပ်ရပ်များ၊ ဖြစ်စဉ်များအပေါ် အမှားအမှန် ဆင်ခြင်ခြင်း၊ ဝေဖန်သုံးသပ်ခြင်း၊ မှန်သောအရာများကိုယူ၍ အမှားများကို ပစ်ပယ်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးတက်ခြင်း စသည့် လုပ်ငန်းစဉ်များ ပါဝင်ပါသည်။ သင်ခန်းစာယူသည်ဆိုရာတွင်လည်း တစ်ဖက်သတ်ရှုမြင်မှုများကို ရှောင်ရှား၍ သူ့ဘက်ကိုယ့်ဘက်မျှတသောအမြင်နှင့် ရှုထောင့်များမှ သင်ခန်းစာယူကြရမည် ဖြစ်ပါသည်။ သို့မှသာ ပြည်ထောင်စုအတွင်း ဖြစ်ပေါ်လာသည့် အခက်အခဲ၊ အဟန့်အတားနှင့် အကျပ်အတည်းများကို မှန်မှန်ကန်ကန်ချဉ်းကပ်ဖြေရှင်းနိုင်မည်ဖြစ်ပြီး တွေ့ကြုံနေရသည့် အခက်အခဲများကို လျှော့ချခြင်း၊ အဆုံးသတ်ခြင်းနှင့် ရေရှည်ပိုမိုကောင်းမွန်အောင် တည်ဆောက်ခြင်းများ လုပ်ဆောင်နိုင်မည်ဖြစ်”**

*အချုပ်ပိုု (ဃ) သို့*

## “စုဖွဲ့ပြည်ထောင် လှေတစ်စင်းရယ်နဲ့”

❊ လာလေလာနော် မျိုးချစ်ဖော်
သွားစို့ တူပျော်ပျော်၊
ဤလှေကိုလှော် ဤခရီး
လက်ရည်တစ်ပြင်တည်း။

❊ လိုရာခရီး ရောက်ဖို့ဆို
ပဲ့ကိုင်ကျွမ်းဖို့လို၊
ပဲ့ကိုင်ခွန်းချို ညွှန်ဖွဲ့နှုန်း
လိုက်နာ ကျင့်ကြံထုံး။

❊ မုန်တိုင်းလှိုင်းလုံး ကြုံလည်းလေ
ကြောက်စိတ်ဖြစ်မနေ၊
ချွေးများစီးစေ မမှုတမ်း
ပြိုင်တူ လှေလှော်ထမ်း။

❊ တစ်စိတ်တစ်ဝမ်း မွေးစိတ်ထင်
ပြုံးပန်းတူပန်ဆင်၊
အရေးကြီးလျှင် သွေးနီးပြ
စိတ်ထား အလွန်လှ။

❊ ညီအစ်ကိုမောင်နှမ စိတ်ထားဆောင်
မျိုးချစ်တွဲဖွဲ့နှောင်၊
စုဖွဲ့ပြည်ထောင်လှေကိုစီး
တူညီအေးရိပ်မှီး။

❊ ဝဲဂယက်ကြီး ရင်ဆိုင်ဖယ်
နောက်ချန်ထားခဲ့မယ်၊
ကျော်ဆောင်အန္တရာယ် မှုမထား
လိုရာ အရောက်သွား။

❊ မြတ်နှလုံးသား မြဲပန်ဆင်
တရားဓမ္မယှဉ်၊
အားပြိုင်တူနှင် ဤလှေရွှေ့
လေပြည် လေညင်းမွှေ့
ယီးလေလေလေ့ ယီးလေလေ့။ ။

**ဖိုလေးလုံးသောင်းကိုကို**



မြန်မာနိုင်ငံလွတ်လပ်ရေး ဘူမိနက်သန် ပင်လုံစာချုပ်ချုပ်ဆိုသည့် ပင်လုံမြေမှ အထိမ်းအမှတ်ကျောက်တိုင်။

"သမိုင်းစဉ်ဆက် ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြသော ပြည်ထောင်စု မြန်မာနိုင်ငံသည် ပြည်ထောင်စုသားအားလုံး၏ နေအိမ်ဖြစ်ပါသည်။ မိသားစု တစ်ခုအနေဖြင့်ဆိုလျှင် ညီရင်းအစ်ကိုမောင်ရင်းနှမများ စုစည်းနေထိုင်ကြသော အိမ်ကြီးဖြစ်ပါသည်။ မိသားစုအတွင်း အိမ်တွင်းရေးပြဿနာများ၊ တစ်ဦးနှင့် တစ်ဦးအကြား မကျေနပ်မှုများ ဖြစ်ပွားတတ်ကြသည်မှာ သဘာဝဖြစ်ပါသည်။ ဖြစ်တတ်သည့် အိမ်တွင်းရေး ပြဿနာများရှိစေကာမူ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် မိသားစုစိတ်ဓာတ်ဖြင့် ပြေလည်စွာ ဖြေရှင်းကြမည်ဆိုလျှင် ထာဝစဉ်ပျော်ရွှင်အေးချမ်းသော မိသားစု အိမ်ကြီး ဖြစ်နေပါလိမ့်မည်။ အမိမြန်မာပြည်အတွင်း တစ်မြေတည်းနေ တစ်ရေတည်း သောက်နေကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် ညီရင်း အစ်ကို မောင်ရင်းနှမများပင် မဟုတ်ပါလား"

*အချပ်ပို (ဂ) မှ*

## မိသားစုစိတ်ဓာတ်

သမိုင်းစဉ်ဆက် ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြသော ပြည်ထောင်စုမြန်မာနိုင်ငံသည် ပြည်ထောင်စုသားအားလုံး၏ နေအိမ်ဖြစ်ပါသည်။ မိသားစုတစ်ခုအနေဖြင့်ဆိုလျှင် ညီရင်းအစ်ကို မောင်ရင်းနှမများ စုစည်းနေထိုင်ကြသော အိမ်ကြီးဖြစ်ပါသည်။ မိသားစုအတွင်း အိမ်တွင်းရေးပြဿနာများ၊ တစ်ဦးနှင့် တစ်ဦးအကြား မကျေနပ်မှုများ ဖြစ်ပွားတတ်ကြသည်မှာ သဘာဝဖြစ်ပါသည်။ ဖြစ်တတ်သည့် အိမ်တွင်းရေးပြဿနာများရှိစေကာမူ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် မိသားစုစိတ်ဓာတ်ဖြင့် ပြေလည်စွာ ဖြေရှင်းကြမည်ဆိုလျှင် ထာဝစဉ်ပျော်ရွှင်အေးချမ်းသော မိသားစု အိမ်ကြီး ဖြစ်နေပါလိမ့်မည်။ အမိမြန်မာပြည်အတွင်း တစ်မြေတည်းနေ တစ်ရေတည်းသောက်နေကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံးသည် ညီရင်းအစ်ကို မောင်ရင်းနှမများပင် မဟုတ်ပါလား။

အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်ရေး၊ အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချစ်ကြည်စွာ ထာဝစဉ် ယှဉ်တွဲနေထိုင်ရန် မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ် သဘောထားများ ထားရှိခြင်းဖြင့် မိမိတို့အိမ်တွင်းရေးကို ပြေလည်စွာ ဖြေရှင်းနိုင်ပါသည်။ တစ်ဦးနှင့်တစ်ဦးအကြား သဘောထားမတိုက်ဆိုင်မှုများ ရှိပါကလည်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ငြိမ်းချမ်းစွာ ဖြေရှင်းကြမည်ဆိုပါက ချစ်စကို ရှည်စေပြီး မုန်းစကို တိုစေပါလိမ့်မည်။



၁၂-၂-၂၀၁၇ ရက်က ကျင်းပသည့် နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား မျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်း တည်ဆောက်ကြမှ တစ်ဆင့်ထက်တစ်ဆင့် ပိုမိုတိုးတက်သောနိုင်ငံဖြစ်လာပြီး အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ယှဉ်လျှင်လည်း ပိုမိုစည်းလုံးသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ပါမည်။ ထိုသို့ ရပ်တည်နိုင်ရန် ပြည်ထောင်စု၏အကျိုး၊ ပြည်သူလူထု တစ်ရပ်လုံး၏ အကျိုးကို ပြည်ထောင်စုသားများ၏ စည်းလုံးညီညွတ်မှုအပေါ် မဏ္ဍိုင်ပြု၍ ဖော်ဆောင်ကြရပါမည်။

## စိန်ရတုမှသည်

ယခုအခါ စိန်ရတုတိုင်ပြီဖြစ်သော ပြည်ထောင်စုနေ့အခါသမယတွင် ပြည်ထောင်စု နိုင်ငံတော်ကြီး၏ အနာဂတ်ကို မျှော်ကြည့်မိပါသည်။ ထိုအနာဂတ်များသည် မိမိတို့လက်ဝယ် ရှိနေပါသည်။ မိမိတို့ လက်ဝယ်ရှိနေသော ပြည်ထောင်စု၏ အနာဂတ်၊ ပြည်သူတစ်ရပ်လုံး၏ အနာဂတ်ကို ကိုယ်စီကိုယ်စီ၏ ညီညွတ်လိုသော စိတ်သဘောထားများဖြင့် လက်တွဲကြိုးပမ်းကြလျှင်ဖြင့် ပြည်ထောင်စု၏အနာဂတ် လှပလာမည်ဖြစ်ပြီး အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည် ဖြစ်ပါသည်။ စည်းလုံးညီညာလျှင် အောင်မြင်မည်၊ သမဂ္ဂါနံ တပေါ သုခေါ ( သမဂ္ဂါနံ – စိတ်ဓာတ်ညီညွတ်သူတို့၏ တပေါ–အကျင့်သည်၊ သုခေါ – ချမ်းသာခြင်း၏အကြောင်းဖြစ်၏) ဟု မြန်မာ ဆိုရိုးစကားတွင် မှတ်သားရပါသည်။ စည်းလုံးညီညွတ်မှုမရှိလျှင် ချမ်းသာခြင်းလည်း ရှိနိုင်မည်မဟုတ်ချေ။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားများဖြင့် စုစည်းနေထိုင်လာခဲ့သည်မှာ ယခုမှ မဟုတ်ပါ၊ ရှေးအစဉ်အဆက်ကပင် ဖြစ်ပါသည်။ သို့သော်လည်း ရေရှည်ခိုင်မာသော ပြည်ထောင်စုတည်ဆောက်ရန် ဆိုပါမူ မတူကွဲပြားမှုများဖြင့် စည်းလုံးညီညွတ်ကြရပါမည်။

မတူကွဲပြားမှုများဖြင့် စည်းလုံးညီညွတ်ခြင်း Unity in Diversity သည် မတူကွဲပြားသော တစ်ဦးချင်း သို့မဟုတ် အုပ်စုများအကြား သဟဇာတဖြစ်မှုနှင့် စည်းလုံးညီညွတ်မှုဟု ဆိုပါသည်။ တူညီမှုမရှိဘဲ စည်းလုံးမှု Unity without uniformity နှင့် ပြိုကွဲမှု မရှိဘဲ ကွဲပြားမှု Diversity without fragmentation သဘောကို နားလည်လက်ခံ၍ လက်တွဲဆောင်ရွက်ကြမည်ဆိုပါလျှင် ပြည်ထောင်စု ဉာဏ်ရည်ရွှေ နီးပါလိမ့်မည်။ ထို့အတူ စိန်ရတုပြည်ထောင်စုနေ့မှသည် ကမ္ဘာတည်သရွေ့ ပြည်ထောင်စုနေ့များတိုင် အဓွန့်ရှည်သော ပြည်ထောင်စုနိုင်ငံကြီး အဖြစ် ဝင့်ထည်စွာ ရပ်တည်နိုင်မည်ဖြစ်ပါသည်။ ။